t-tant

# ခုနှစ် . ဒသမ . မိုးတိမ်

t-tant

# ခုနစ် ဒဿမ မိုးတိမ်



တည်တံ့ (ကြို့ ပင်အောက်)

******************************************************

ငါ ဆိုတာက

ကိုယ့်အရိပ်နဲ့ ကိုယ်တောင်

သဟဇာတ မဖြစ်ချင်တဲ့ကောင် ...

**************************************************

၁။ သစ္စာချက်ရှေ့စွဲ

၂။ ဘဝပျော်ကိုသူများ ၂

၃။ မှတ်တစ်ချပ်၏နောက်

၄။ ရမ်ဒီမိတ်များနှင့် ဆွေဆိုင်ခြင်း

၅။ ကြေးမုံပြင်ထဲက ကျွန်တော့်ပုံရိပ်
လမ်းလျှောက်ပြီးထွက်သွားတယ်

၆။ ကဗျာရဲ့တစ်နေ့တာ

၇။ မြူနှင်းများကြားမှာ



# သတ္တာပျက် နေ့ရဲ့

Design: Aung Ye’

တွန့်ညှတ်ကွေးဆန့်တတ်တဲ့ပွင့်ချပ်နစ်လ္ဘာမှာ သင်းပျံ့ချိုအီတဲ့ညို့ငင်အားတွေ ဖိတ်ဖိတ်လက်လို့။ နီထွေးထွေးနင်းဆီလ္ဘာ ညင်းညင်းသွဲ့သွဲ့ တုန်ခါသွားတော့ နတ်စောင်းသံစဉ်တစ်ချို့ လေမော်လီကျူးတွေပေါ် တိုးဝင်ဖြတ်လျှောက်၊ ဒီလိုနဲ့ နလုံးသားအထိရောက်တယ်။ ခဏ၊ အဲဒီလိုတဒင်္ဂတွေကို ကျေးဇူးပြုပြီး မရပ်တန့်လိုက်ပါနဲ့။ အစိမ်းရင့်ရောင်တိမ်တိုက်တွေကြားမှာ တခုတ်တရနဲ့ ထာဝရသိမ်းဆည်းထားချင်မိလို့ .. ။

(တော်ပြီကွာ မရယ်တော့ဘူး၊ ဒီက အကောင်းပြောမလို့ဟာကို)

နင်းဆီနစ်လ္ဘာ အတုန်ခါရပ်တော့ အချိုမြိန်ဆုံးနတ်စောင်းသံပါ ပြတ်တောက်သွားရ။ အစွင့်ကားဆုံးပွင့်လန်းနေတဲ့ ပန်းတစ်ပွင့် အဖူးအငုံအဖြစ် ပြောင်းလဲရောက်ရှိသွားတာ ဘယ်လို ပဋ္ဌလက်မျိုးပါလဲ။ အလျားလိုက် ရင်ခုန်သံကြိမ်နှုန်းများ အခုတော့ ဒေါင်လိုက် ရွေ့လျား။

(ဘာဖြစ်လဲ နှုတ်ခမ်းစူတော့၊ သူပဲ မရယ်နဲ့ပြောပြီးတော့)

ပူနွေးတဲ့ ထွက်သက်လေဟာ အတိုးဖွဆုံးသော ကျယ်လောင်မှုနဲ့ မြည်ဟည်းလို့။ ပွင့်အာချင်ချင် ဖြစ်နေပြန်တဲ့ နင်းဆီငုံကို အရှုးအမူးတပ်မက်မိခြင်းတွေ တဖြည်းဖြည်းချင်း လောင်းချ .. ။

(ဟိတ် ဘာလို့ အဲဒီလောက်ကြည့်နေရတာလဲ၊ အနေခက်တာပေါ့လို့)

အရည်ရွှမ်းတဲ့ သစ်သီးတစ်လုံးရဲ့ ဖျားယောင်းမှုကို အပြင်းအထန်ခုခံမိတာ ပြစ်မှုမြောက်သလား၊ အဲဒီအကြောင်းကို ဘယ်စာအုပ်ထဲမှာ ဖတ်ခဲ့ဖူးပါလိမ့်၊ ဒါမှမဟုတ် ဘယ်သူပြောခဲ့ဖူးပါလိမ့်။ ပလေတို၊ ဆာ့တ်၊ နိရှေး၊ နီး နီး မဟုတ်သေးဘူး။ အဲဒီနှုတ်ခမ်းပါးဟာ ဒုက္ခနဲ့သုခ အစွန်းနှစ်ဖက်ကို ဆွဲယူချုံ့ပစ်နိုင်တယ်လို့ ကိုယ်တိုင်ပဲ အမြတ်တနိုး ပြဌာန်းခဲ့တာ။

(မောင်ကလေ သိပ်စကားတတ်တာပဲ သိလား၊ အဲဒါကြောင့် .. ... .. )

ကတ္တီပါလွှန်မြောက်ခြင်း နယ်မြေများကို မှတ်တိုင်ထားထားမယ်။ အိပ်မက်မဟုတ်ခဲ့ကြောင်း သတိရစေဖို့ အနုးညံ့ဆုံး ပွင့်ချပ်တစ်ဖတ်ကို တခုတ်တရ ထိကပ်ဖိရှိုက်ခဲ့လိုက်တယ်။

(အို … )

သိမှုခံစားခြင်းတွေ၊ ဘာသာဗေဒတွေ၊ စကားလုံးတွေ၊ နိမိတ်ပုံတွေ တွန်းတိုက်ရွေ့လျားလို့ ကွယ်ပျောက်သွားကြတယ်။ ခံစားချက်နွေးနွေးဟာ ရှိရှိသမျှသွေးကြောတွေထဲ တိုးဝင်သွားလာလို့ အမည်နာမတစ်ခုအတွက် အရှူးအမူး လမ်းစရှာနေတုန်း။ ရှာစမ်း၊ သေချာ ရှာစမ်း။ အကျစ်လျစ်ဆုံးနဲ့ အထိရောက်ဆုံး ထုဆစ်ပုံဖော်နိုင်ဖို့ အဲဒီခံစားချက်အတွက် စကားလုံးကို တွေ့အောင်ရှာစမ်း။ စက္ကန့်တွေ တဖျပ်ဖျပ်လူးလွန့်လို့ ထိခိုက်လွင့် .. ။ နောက်ဆုံးမှာ အရိုးရှင်းဆုံးနဲ့ အပြင်းရှဆုံး စကားတစ်ခွန်း ဖြည်းဖြည်းချင်း ပွင့်ဟလာတယ်။ အရင့်အရင် လူပေါင်းများစွာက အခါပေါင်းကုဋေကဋာမက သုံးစွဲပြီးခဲ့သည့်တိုင် ချိုမြိန်လတ်ဆတ်မှုတန်ဖိုး ယုတ်လျော့သွားခြင်းမရှိ။ အဲဒါကိုလည်း သူသိတယ်။

(အိုး မကြားချင်ပါဘူး၊ လာမပြောနဲ့ သွား .. )

ရယ်သံတွေ .. ။

ဟုတ်ပါတယ်၊ အဲဒီစကားကလွဲလို့ ဘာရှိဦးမှာလဲ။

(I Love You So Much, too .. ပါရှင်)

အဲဒီနောက် ပိုပြီးတိုးဖွတဲ့ ရယ်သံတွေ။ ညနေခင်းဟာ ကယောင်ချောက်ခြားနဲ့ အကြိမ်ကြိမ် ရှက်သွေးဖြာတယ်။ ပျားရည်အနားသတ်ထားတဲ့ မျှော်လင့်ခြင်းမိုးတိမ်တွေ အရှူးအမူးရွက်လွှင့်လို့။ ကမ္ဘာသစ်ဟာ ရှိမလာနိုင်မယ့် အနာဂတ်တစ်ခုခုကို မျှော်တော်ယောင်ပတ်ပျိုးနဲ့ ကြိုလင့်တယ်။ မသိနားမလည်စွာ တပ်မက်ခြင်း ခါးခါးတွေနဲ့ အတူ .. ။

(လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာပေါ့၊ သိအောင် ပြောပြတာနော်)

ဒီလိုနဲ့ပဲ ဟုတ်ယောင်ဝါးဝါးတွေရဲ့ ကိုယ်ထင်ပြမှုမှာ မျက်ကန်းယုံကြည်ခြင်းတွေ တစ်ရစ်ပြီး တစ်ရစ် ဒီဂရီမြင့်တက်။ နှင်းဆီနစ်လွှာက လှလှပပ ကွေးညွှတ်ဆန့်ရင်း ရောင်ပြေးအမျိုးမျိုးနဲ့အတူ တောက်ပလို့ပေါ့ .. ။ အဲဒီအချိန်တုန်းကတော့ နှင်းဆီငုံကို ပိုင်ဆိုင်ခွင့်ရထားတဲ့ အနီးကပ်ဆုံး လူသားတစ်ဦးအနေနဲ့ အဲဒီရောင်ပြေးတွေရဲ့အနက်ကို အသေအချာဖမ်းယူနိုင်စွမ်း ရှိခဲ့ဖူးတယ်။ အင်းလေ၊ ဖမ်းယူနိုင်စွမ်းရှိတယ်လို့ပဲ ထင်ခဲ့ဖူးတာပါ။ လူဆိုတာ ကိုယ်ထင်ရာကို ကျေနပ်နေတတ်တဲ့ ခပ်ညံ့ညံ့သတ္တဝါတွေသာဖြစ်ကြောင်းသိဖို့ အရင်းနီးတစ်ခု လိုအပ်ခဲ့တာ အမှန်။ အဲဒီအချိန်တုန်းကတော့

အဲသလို တစ်စုံတစ်ဦးက ပြောဆိုငြင်းခုံလာခဲ့ရင်တောင် ကန့်ကွက်မိလိမ့်မလားပဲ။ ချိုမြိန်ခြင်း မိုးရေစက်တွေကြား ကျေကျေနပ်နပ်ကြီး အမြင်တွေကန်းလို့ ။ အဲဒီလို ချို မြိန် မှု တွေနဲ့အတူ … ။

( ….. …………….. …… )

ဖြတ်ပြေးသွားတဲ့ လေရူးလေပွေတွေ ကတုန်ကယင်နဲ့ အခါခါရုက်သွေးဖြာပြန်တယ်။ ပူနွေးလတ်ဆတ်တဲ့ ချစ်စကားတွေ လေထုထဲမှာ တခမ်းတနားစီးမျောလို့။ ဇော်ဇော်အောင်ရဲ့ ယုဇနမခင်ပျို့ဆိုင်ဂုံရဲ့ လန်း၊ ဒဂုန်တာရာရဲ့ မေ၊ စကားလက် အိုဟာရာ၊ ကင်မီလီ၊ အက်စ်တဲလာ၊ မြိုင်၊ သူတို့အားလုံးထက် ဂန္ထဝင်ဆန်တဲ့ အနုအရွဆုံးဇာတ်လမ်းတစ်ပုဒ်ရဲ့ နိဒါန်းဟာ အနာဂတ်အတွက် သိပ်မဝေးတော့သလိုလို။ အချစ်နဲ့စပြီး အချစ်နဲ့ဆုံးမယ့် အဲဒီဇာတ်လမ်းရဲ့ တစ်ကြောင်းတစ်ပါဒချင်းစီ ကိုယ်၌က အချစ်နဲ့သာ ထုံမွှန်းလို့။ အဲဒီလိုပြောတော့ သူမ ရယ်ပြန်တယ်။ အတိသယဝုတ္တိဟာ ဒေါသသံသင့်ကြောင်း ဘယ်သူ စွဲချက်တင်ခဲ့သလဲ။ တကယ်တော့ အဲဒီထက် မကအောင် ဖွဲ့နွဲ့ချင်နေခဲ့တာ။ သိပ်ကို ခမ်းနားလှပလွန်းလို့ပေါ့။ ဒါမှမဟုတ် သိပ်ကို ခမ်းနားလှပတယ်လို့ ထင်မိခဲ့လို့ပေါ့။ ဒါပေမယ့်၊ အဲဒီလို ဒါပေမယ့်ပေါင်းများစွာဟာ အနာဂတ်ရဲ့စာမျက်နှာသစ် တစ်ရွက်ရွက်မှာ ကိုယ်ယောင်ဖျောက်လို့ တိတ်တဆိတ် စောင့်စားနေတတ်မှန်း အချိန်အတော်ကြာမှသာ သိခဲ့ရ .. ။

(မိန်းကလေးတစ်ဦးအတွက် ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းတစ်ခုတော့ လိုတာပေါ့ မောင်ရယ်)

ပြီးပြည့်စုံခြင်းဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ကွဲလွဲမှုတွေ အများအပြားနဲ့။ ဘာလိုအပ်သလဲ မေးဖို့မလိုအပ်တဲ့ ပြီးပြည့်စုံမှုမှာတင် မပြည့်စုံသေးတဲ့ လစ်ဟာခြင်းတွေ။ ပေတံရဲ့ အစွန်းတစ်ဖက်စီမှာတောင် မတူညီတဲ့ တိုင်းတာမှုယူနစ်တွေနဲ့ မဟုတ်လား။ လူနှစ်ဦးရဲ့ကွာဟချက်က ပိုလို့တောင် ကြီးမားပါလိမ့်ဦးမယ်။ သူ ဘာကိုလိုချင်တာလဲ။ အလိုက်တသိမေးဖို့ ပျက်ကွက်ခဲ့သူနဲ့ မြင်သာအောင် ဖွင့်ဟဖို့ ပျက်ကွက်ခဲ့သူ။ နိုင်သမျှတော့ ပေးနေခဲ့တာပါပဲ။ ပေးသမျှ မလုံလောက်နိုင်တော့တဲ့အခါကျ ကွက်လပ်တွေအကြား ကွက်လပ်တွေသာ အစားထိုးလို့ ကွက်လပ်တွေ ပိုပိုများလာရတယ်။ ဒီလိုနဲ့ လှလှပပ ကွေးညွတ်နေကြတဲ့ နှင်းဆီနှစ်လွှာ မသိမသာလေး ချွတ်ချော်ဟန်ချက်ပျက်သွားခဲ့သလား မသိလိုက်ခင်မှာ .. ။

(ချစ်တို့မှာ ခေါင်းမာတာတစ်ခုကလွဲရင် ဘာမှ သိပ်မတူကြဘူးနော်)

အလှပဆုံးသောစာမျက်နှာတွေရဲ့ အဆုံးကို အကျည်းတန်တဲ့ စာမျက်နှာတစ်ရွက်နဲ့ စဖွင့်ရတတ်တယ်။ ဆုပ်ကိုင်ထားတဲ့လက်အစုံမှာ နွေးထွေးမှု မှိန်ဖျော့လာခဲ့သလားဆိုတာ ကြိုတင်

သိမြင်နိုင်ခဲ့ခြင်းလည်း မရှိ။ မတည်မြဲခြင်း အဘိဓမ္မာရဲ့ အကြီးမားဆုံး ချို့ယွင်းချက်ဟာ အချစ်လို့ခေါ်တဲ့ နှောင်ကြိုးတွေဖြစ်ကြောင်း မသိနိုင်ရခြင်းပြဿနာမှာ အချစ်ကိုယ်တိုင်လည်း မျက်စိကန်းနေတယ်။ ပြုံးနေကြတာပါပဲ၊ ဒါပေမယ့် ဟန်ဆောင်မှုသုတ်လိမ်းထားတဲ့ အပြုံးတွေဟာ မှိန်ဖျော့လို့။ ထပ်တူကျ ခဲ့ဖူးတဲ့ ရင်ခုန်သံတွေ တစစစည်းချက်မညီ ဖြစ်လာချိန်ကျ .. ။

(မောင်က ချစ်ကို ဂရုမစိုက်ဘူး)

(လုံးဝပဲ၊ မသောက်ရဘူးနော် မောင်)

(သွားပေါ့ အဲဒီသူငယ်ချင်းတွေနဲ့ပဲ၊ သူတို့နဲ့က တစ်သက်လုံး အတူနေရမှာကျနေတာပဲ)

နာရီလက်တံ တချက်ချက်၊ သွေးခုန်နှုန်း တဒိတ်ဒိတ်၊ အမှောင်ဟာ အမှောင်တွေကြား တိတ်တဆိတ်လဲလျောင်းနေတယ်။ နှစ်ဦးသား စကားမဆိုမိကြဘူး။ အက်ကွဲကြောင်းရာများဟာ တစ်စ တစ်စ တစ်စနဲ့ များလာ၊ ပိုပြီး များလာ၊ နောက်ဆုံးမှာ အများအပြား .. ။ သူတို့ရဲ့ အလေးချိန်ထုကို တုံ့ပြန်မယ့် ညှိနှိုင်းလိုမှုကြေးမုံပြင်ဟာလည်း ပါးပါးလျားလျား။ အသေးမွှားဆုံးသော အက်ကွဲရာများဟာ မြစ်တစ်စင်းလို ကွေ့ကောက်ပြီး စီးဆင်းလာတယ်။ သူတို့အချင်းချင်းလည်း ထိခိုက်မိကြ၊ ပေါင်းစည်းခဲ့ကြ၊ ဆက်သွယ်ခဲ့ကြ .. ။ ပိုပြီး အရှိန်အဟုန်ပြင်းလာတယ်၊ ပိုပြီး အတားအဆီးမဲ့လာတယ်၊ ပိုပြီး ခန့်မှန်းရ ခက်လာတယ်။ နောက်ဆုံးမှာ ခွမ်းခနဲ .. အက် .. ကွဲ.. ကြေ .. ကျ .. ။

အပိုင်းအစတွေကို ပြန်လည်ဆက်နိုင်ခဲ့လိုငြား ခက်ခက်ခဲခဲရှာဖွေခဲ့ရတဲ့ ကော်တစ်ဗူးကို ဆုပ်ကိုင်ရင်း မင်သက်ငေးမောနေမိတယ်။ ယုံကြည်ခြင်းနဲ့ သစ္စာတရားရဲ့ လမ်းခွဲဟာ လုပနိုင်ပါ့မလား။ နားထဲမှာ ကြားယောင်မိတာက အင်းလျားလမ်းကပန်းဆိုင်နဲ့ ဆွေးမြေ့အသည်း။ ဖွဟဲ့ လွှဲစေဖယ်စေ။ သစ္စာတရား ဘယ်မှာလဲ။ မနင်းမြူ ဘယ်မှာလဲ။ ဂျူးလီယက်ကရော။ သူတို့ဟာ ပုံပြင်တွေ ဇာတ်လမ်းတွေထဲက ဇာတ်ကောင်တွေသာဖြစ်ကြောင်း ဖျောင်းဖျပေးမယ့် အသိစိတ်ဟာ အခုတော့ အဆိပ်သင့် နေလို့ နာလန်မထူနိုင်သေးဘူး .. ။ ဒါဆို ပြဇာတ်စာမျက်နှာတွေမဟုတ်ခဲ့တဲ့ လက်တွေ့ဘဝရဲ့ ပစ္စုပ္ပန်မှာက ...

(လမ်းခွဲကြရအောင် မောင်)

အိပ်မက်မြစ်တွေ စုတ်ပြတ်သတ်လို့။ ရုပ်ပျက်ဆင်းပျက်နဲ့ စုတ်ပြတ်သွားအောင် အသတ်ခံ ရတယ်။ ဟုတ်ပါ့မလားဆိုတဲ့ မေးခွန်းရဲ့အဖြေကို သိပါရက်နဲ့ အကြိမ်ကြိမ်အခါခါ ပြန်မေးနေမိတဲ့အခါ

နားထဲမှာ အသံတွေ ဆူညံစီဝေလာကြ။ ဟုတ်ပါ့မလား၊ ဟုတ်ပါ့မလား၊ ဟုတ်ပါ့မလား၊ ဟုတ် ပါ့ မ လား၊ ဟုတ် ပါ မ လား၊ ဟုတ် ပါ လား၊ ဟုတ်ပါလား။ ဒါတွေဟာ တကယ်ပဲ ဟုတ်ပါလား ဆိုပြီး သိခဲ့ရ၊ သဘောပေါက်ခဲ့ရ၊ နာကျင်စွာ လက်သင့်ခံခဲ့ရ.. ။ မဖိတ်ခေါ်ဘဲ တိုးဝင်လာတဲ့ ရင်ခွင်မှာ ကျေးဇူးကန်းစွာ ဓားတစ်ချောင်းထိုးစိုက်လိုက်တဲ့ အဖြစ်ကို ရန်ကုန်မြို့ကြီးက ချော့မော့နှစ်သိမ့်တယ်။ သူ သိခဲ့ပါတယ်တဲ့။ သူ့မျက်စိအောက်မှာ မူနွဲ့စွာရယ်ပြုံးနေခဲ့တဲ့ အမျိုးသမီးလေးတစ်ဦး။ သူ့နားနဲ့ ဆတ်ဆတ်ကြားလို့ သက်သေထားခဲ့ရတဲ့ ကတိစကားတွေ။ အခုကျ သူ့အရှေ့မှာတင် တူညီတဲ့အပြုံးတစ်ခုနဲ့ တူညီဆဲ ကတိစကားတွေကို မတူညီတော့တဲ့လူတစ်ယောက်ရှေ့မှာ ခြွေချနေခဲ့ပြန်သလား။ အဲဒါသာ မှန်ခဲ့ရင်တော့ သူ မြင်ခဲ့ကြားခဲ့မှာပဲ။ နောက်ပြီး မတတ်နိုင်ခဲ့တဲ့တိုင် သူ တားခဲ့မှာပဲ။ အခုတော့ သစ္စာပျက် မှတ်တမ်းရဲ့ ဝါကျင့်ကျင့်စာရွက်တွေ အခန်းတစ်ခုလုံး ဝေ့ဝဲ .. ။

(မစ္စပ်စွဲနဲ့၊ စတွဲကတည်းက ဖောက်ပြန်ဖို့ တစ်ခါမှ စိတ်မကူးခဲ့ဖူးဘူး။ မယုံချင်လည်း ရပါတယ်)

နီထွေးထွေး နှင်းဆီနှစ်လွှာဟာ တဆတ်ဆတ် တုန်ယင်ယိမ်းထိုးလို့။ ဟုတ်ယောင်ဝါးဝါးတွေဟာ ရှိမဲ့စု အသိစိတ်ကို ဖျားယောင်းဖို့ ကြိုးစားတုန်း။ ယောကျာ်းတစ်ယောက်ရဲ့ လစ်ဟာမှုကွက်လပ်ကို ဖြည့်ဆည်းဖို့ မိန်းမကိုဖန်ဆင်းခဲ့တာ ဘုရားသခင်ရဲ့ အကြီးမားဆုံးမှားယွင်းမှု။ ဧဝရဲ့ သွေးဆောင်စကားမှာ ဒုက္ခပန်းခင်းတွေ အရှုံးအမူးပွင့်တယ်။ ဘဝတစ်ခုလုံး ပေးခဲ့ပြီးပြီပဲ။ အခုကျမှ နှလုံးသားတစ်ခု အဆစ်ပါသွားတာကို တခမ်းတနား မှတ်တမ်းတင်နေလို့လည်း အပိုသက်သက်။ ဒါနဲ့ မျက်စိမှိတ်ပြီး ယုံပေးလိုက်တာပါပဲ။ အပေါ်ယံအရေပြားကို ပိပိရိရိ လွှမ်းခြုံထားတဲ့ ဟန်ဆောင်စကားတွေ အပြည့်အသိပ်နဲ့ .. ။ သူ စိတ်ချမ်းသာစေဖို့ ခေါင်းတစ်ချက်ညိတ်လို့ ကျောခိုင်းပေးခဲ့လိုက်တယ်။ ငါ့ကို အသာထားလို့ သွားလိုရာသွား .. ။ ဒီလိုနဲ့  ညဥ့်ရဲ့ ဆွတ်ပျံ့ရှိုက်သံတွေကြောင့် ရန်ကုန်မြို့ကြီး ပင့်သက်ချလိုက်တာကို မကြားခဲ့ရ ... ။ ဒါလည်း မှားခဲ့တာပဲ။

သိပ်မကြာခင် အချိန်တစ်ခုဟာ မျှော်လင့်ထားတာရဲ့ သိပ်မကြာခင် ခပ်စောစောတွေကို အလဲထိုး သိမ်းပိုက် .. ။ ရင်ခွင်ပြောင်းလဲလိုမှုလျှောက်လွှာဟာ ရှိသမျှသော ဝန်ဆောင်မှုအားလုံးထက် မြန်ဆန်နေတာ အံ့အားသင့်စရာ။ စည်းမျဉ်းစည်းကမ်းတွေမလို၊ အသိသက်သေမလို၊ တံဆိပ်တုံးနဲ့ အဖိုးအခ မလို။ ကန့်ကွက်လိုပါသလား ဆိုတဲ့ မေးခွန်းတွေ ဘယ်ချောင်မှာ ပုန်းလျှိုးတိတ်ဆိတ်နေသလဲ။  နီထွေးတဲ့ နှင်းဆီတစ်ခင်းလုံး တခြား ရင်ခွင်တစ်ခုမှာ ပွင့်လန်းနေပြန်တာ အထိတ်တလန့် မြင်တွေ့လိုက်ရ။ သိပ်ကို မြန်ဆန်လွန်းလိုက်တာလို့ နှလုံးသားက နာနာကျင်ကျင် ငြီးတွားတယ်။

အရင်တစ်ခါလိုပဲ တွန့်ညှတ်ကွေးဆန့်တတ်တဲ့ နှင်းဆီနှစ်လွှာမှာ သင်းပျံ့ချိုအီတဲ့ ဆွဲငင်အားတွေ ဖိတ်ဖိတ်လက်လို့ .. ။

အရင်တစ်ခါလိုပဲ တစ်စုံတစ်ယောက်ဟာ အရည်ရွှမ်းတဲ့ သစ်သီးတစ်လုံးရဲ့ ဖျားယောင်းမှုကို ခုခံဖို့ သင့်မသင့် စဉ်းစားနေတယ်။

အရင်တစ်ခါလိုပဲ အရိုးရှင်းဆုံးနဲ့ အပြင်းရှဆုံး ဘာသာဗေဒတွေ ဖြည်းဖြည်းချင်း ပွင့်ဟလာတယ်။

အရင်တစ်ခါလိုပဲ ပူနွေးလတ်ဆတ်တဲ့ စကားတွေ လေထုထဲမှာ အရှက်မဲ့စွာ စီးမျောလို့ ... ။

သူမရဲ့ နှုတ်ခမ်းပါးပါးမှာ ပျားရည်မုသားတွေ လိမ်းကျံထားခဲ့တာ (အရင်တစ်ခါလို) ဟုတ်မဟုတ် ဆိုတာကိုတော့ ဟန်ဆောင်မှုနဲ့ အရေးမကြီးခြင်းတွေကြား ကွယ်ဝှက်ပြီး နာနာကျင်ကျင် ပြုံးမိသွားတယ်။

တစ်ချိန်တစ်ခါတုန်းက သူမ ယူလာပေးတဲ့ ခရမ်းရောင်သစ္စာပန်းတွေ အဲဒီနေ့ အဲဒီရက် အဲဒီစက္ကန့်မှာ ညှိုးခြောက်သွားခဲ့ပြီ။ ။

--- တည်တံ့ (G.B.K) ---

*******************************************

# ဘဝပျောက်သူများ — ၂

ဘယ်သူ့ကို ဘယ်အတွက်လို့ ဘယ်ပုံစံနဲ့ ဘယ်လိုအပြစ်ဖမ်းတင်လိုက်ရင် ကောင်းမလဲ၊ ဘာအကြောင်းပြ ညာအကြောင်းပြကလည်း ဘယ်ချိန်တိုက်တိုက် ဘယ်သူမှမကြိုက်တဲ့ ဆေးခါးကြီးမျိုး၊ ဘာတွေ ဖြစ်ရပြန်ပြီတုံး၊ အရင်လို ရေပြတ်မီးပြတ်ခေတ်မဟုတ်တော့ မီးထွန်းရာစရာမလိုဘဲ (ဘာပြဿနာကို) ဘယ်ချောင်က ကောက်ရပြန်ပြီတုံး၊ ဘယ်သူတွေ ဘာပူပေါင်းကြံစည်မှုပုဒ်မ၊ ဘယ်အီလက်ထရောနစ် ဥပဒေတွေနဲ့ သွားငြိနေသေးတုံး၊ ဘယ်သူ ဖော်ကောင်ဘညွှန့်တုံး၊ ဘာဖြစ်ဖြစ် ကိုယ့်အတွက်တော့ ကိုယ်နပ်ပစေပေါ့၊ ဘယ်သူဘယ်ဝါပြောဖူးသလို ဗူးတောင်းထောင်လို့ စောင်ခြုံပုန်းရင် ဖင်လုံပစေပေါ့၊ ဟုတ်သော်မရှိဘဲ မဟုတ်သော်ချည်းရှိနေသည့်တိုင်လည်း ဆင်ခြေအကပ်အသပ် ကျန်ပစေပေါ့၊ ခေတ်ကာလရဲ့ ထုတ်လုပ်မှုအတတ်ပညာဟာ ဘာသာဗေဒကို ကွက်ကျော်ရိုက်သွားတယ်၊ နားလည်သူလည် မျက်စိလည်သူလည်၊ ဂျင်းထည့်မခံနဲ့၊ ဖောင်းထုမခံနဲ့၊ ရုပ်ပေါက်မခံနဲ့၊ ဒီခေတ်မှာ လူလည်ကြီးသားသမီးများတယ်၊ ရေပေါ်ဆီတဝေ့ဝေ့နဲ့ လူ့မလိုင်တွေ ပိုပိုပျစ်ခဲတယ်၊ ရှိုးပွဲမှာ ချစ်သူစုံတွဲတွေအတွက် ဟိုတယ်အခန်း ကံစမ်းမဲဖောက်ပေးသတဲ့ (ငါ့သမီးလေး အခုည အိမ်ပြန်ရောက်ပါစေလို့ အမေက ဆုတောင်းဂါထာရွတ်)၊ အဲဒါ ဘာခေတ်ကြီး ညာခေတ်ကြီး ဘခေတ်ကြီးလို့ ပြောသူပြော၊ အမီလိုက်လိုက်ပြေးရင်း ဒလိန့်ခေါက်ကွေးကျသူကျ၊ ပေါ့ပ်ယဉ်ကျေးမှုနဲ့ နေ့စဉ်ဘဝဟာ သတ်သေချင်စရာ ခပ်ကောင်းကောင်း၊ ရယ်ဒီမိတ်တွေ ဈေးကောင်းကောင်းရတယ်၊ စပ်ကူးမတ်ကူးကာလမှာ ဆပ်စလူးထသူထ၊ ယဉ်ကျေးမှုချင်းလည်း ရှော့ခ်တွေရိုက်ကုန်ကြ၊ ဘယ်သမိုင်းကိုမှ ဆွဲဆွဲမထည့်နဲ့၊ ဘာလင်တံတိုင်းပြိုကွဲမှုနဲ့ ဘယ်ဝါဒ နိဂုံးတံခဲ့သလဲ၊ လက်ဝဲဝါဒကို စာမျက်နှာတွေပေါ်မှာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီဆိုပါစို့ ၉၉% အက်ကြောင်းများနဲ့ ဒီမိုကရေစီကမ္ဘာကြီးကို ဘယ်သူအနိုင်ပေးရဲမလဲ၊ ဘယ်လိုအတိတ်ရန့်တွေပေါ် ဖြတ်နင်းခဲ့ကြသလဲ၊ သမိုင်းသေဆုံးခြင်း သီအိုရီသေဆုံးခြင်း စာရေးဆရာသေဆုံးခြင်းတို့နဲ့အတူ အိုင်ဒီယိုလိုဂျီသေဆုံးခြင်း ကင်ပွန်းတပ်ပွဲမှာ ဘယ်သူလာတက်မလဲ၊ ကြွေးကြော်ဟစ်အော်နေကြတာ ဘာသံတွေလဲ၊ ဖက်ဆစ်အောင်ဆန်းတဲ့ အမျိုးသားသစ္စာဖောက် အောင်ဆန်းတဲ့၊ အော်သံတွေ ဘယ်ကမှန်းမသိ ထွက်ကျလာဖူးတယ်၊ အိတ်ပေါက်နဲ့ ဖားကောက်သလို ဘယ်ချောင်မှာကပ်ပြီး ဘယ်လိုတစ်စမကျန် ပျောက်ကွယ်သွားတယ် မသိ၊ တစ်ချို့က ဘုမသိ ဘမသိ ဘဝမသိ၊ အခုထိလည်း မသိကြဘူး၊ နိုင်ငံရေးကို ဘယ်လို တီးခေါက်မိကြောင်းပြဖို့ ဒေါ်အောင်ဆန်းစုကြည်မကျန် နှစ်ပြားမတန် ဆဲရေးပုတ်ခတ်လိုက်ရမှ ပညာတတ်ပီသပြီထင်ကြတဲ့ ပါရဂူယောင်ယောင် ဒေါက်တာယောင်ယောင် လူလတ်တန်းစား ပညာတတ်

ဆိုသူများ၊ ဘယ်တုန်းက နိုင်ငံချစ်မျိုးချစ် အမျိုးသားကောင်းတွေ ဖြစ်သွားကြသလဲ (ရပ်ကွက် လုပ်အားပေးတောင် ပတ်ပြေးနေတာ အဲဒီကောင်မဟုတ်လား)၊ လူတောမတိုး လူထုခေါင်းဆောင် မဟုတ်လည်း ကိစ္စမရှိ ဒါက အီး-ခေတ်မို့ ငါ့အသိုင်းအဝိုင်း ငါ့ကမ္ဘာမှာ ငါသာဆရာ(ကြီးဂိုဏ်းချုပ်)၊ ဆိုတော့ တဖျောက်ဖျောက် တချောက်ချောက် ကီးဘုတ်ကလေးတစ်လုံးနဲ့ ကမ္ဘာပတ်ပြီး လူတွင်ကျယ် လုပ်လိုက်ဦးမှ၊ ဘယ်သူသိသိ မသိသိ ကိုးကားစရာက ကားလ်မာ့က်စ်နဲ့ ဖူကူယားမား၊ စာများများရေး စာများများဖတ်၊ ကျုပ်က သိပ်ဖတ်တာပေါ့၊ ပါးစပ်က ထွက်ထွက်လာတယ်၊ ဖတ်ပေမယ့် ပေတံနဲ့ကန့်ထားတဲ့အသိက အဲဒီဘောင်ကနေ ကျော်တက်မရလို့ လက်မှိုင်ချ၊ အခွံများ ဘောင်များ အတွင်း မှီတင်းနေထိုင်ကြသူများ လက်ရှိနေရာကို ခေတ္တခဏစွန့်ခွာ၍ မျက်စိနှစ်လုံးစလုံး စုံဖွင့်လိုက်ကြရန် တိုက်တွန်းနှိုးဆော်ချက်၊ ထိုနှိုးဆော်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ကြသူအားလုံး၊ ဘာတွေတုံး၊ ဘယ်လိုခေတ်ကြီးတုံး၊ ဘယ်လိုဝါဒတွေတုံး၊ ဘယ်သူတွေလက်ခမောင်းခတ်လို့ ဘယ်သူတွေ သားကောင်ဖြစ်ကြပြီတုံး၊ ဘယ်သူဘယ်ဝါတွေ ဘဝပျောက်ကြပြန်ပြီတုံး။ ။

--- တည်တံ့ (G.B.K) ---

**********************************************

# မှန်တစ်ချပ်ဓါ်နောက်

## ယှင်နှ့်ဒုမြောဂှါစေဓှယနှ်စ်

လေးဖက်လေးတန်ကနေ နံရံအချပ်ပေါင်း ထောင်သောင်းများစွာ ကျွန်တော့်အပေါ် တအိအိ ပိကျလာလို့ ဟိုး ဟို ဟိုးအမှောင်ထုရဲ့အနက်ထဲ လက်လှမ်းမီရာ ဖက်တွယ်ရမ်းရမ်း တစမ်းဝါးဝါးနဲ့ ကုန်းရုန်းအထ လက်ထဲပါလာသမျှက အမေ့မေတ္တာတွေ .. ။ မခန်းဘူး၊ အခုထိ မခန်းဘူး။ ဆိုးခဲ့ မိုက်ခဲ့ဖူးသော ကျွန်တော့်ဆီက မြားအစင်း ကုဋေကဋာ စူးနစ်စိုက်ဝင်ခဲ့သော်လည်း ယိုဖိတ်လျှံကျ လာသမျှ စကားတစ်ခွန်းချင်းစီမှာ "သားလိမ္မာ" ဆိုတာ ပါနေစမြဲက ထူးဆန်းတယ်။

မမေးနဲ့၊ ဘာကြောင့်လဲ လာမမေးပါနဲ့။ ဟောဒီကောင်ရဲ့ မျက်လုံးက အကြိမ်ပေါင်း ၁၅၀၀ တိတိ ရမ္မက်ခိုးမှုန်လို့ ကန်းဖူးတယ်ဆိုရင် အမေ့မျက်ရည်စက်တွေက အဲဒီ အရေအတွက်ထက် မက .. ။ ငိုကြွေးမြည်တမ်းလို့ "သားရယ် မိုက်လှချည်လား" တဲ့။ မိုးကို ဒူးနဲ့တိုက်ပြချင်နေတဲ့ ကျွန်တော် မကြားဘူး။ ရှေ့မှာခြေစုံရပ်ရင်း မျက်ရည်တပေါက်ပေါက်ကျနေတဲ့ ကျစ်ဆံမြီးနဲ့ ကောင်မလေးကို ကျောမခိုင်းရက်လို့ ကောင်းကင်အက်ကွဲကြောင်းရာကို မြေနဲ့ဖို့ရန် ကြံစည်ပြန်တဲ့ လူမိုက်က ညနက်သန်းခေါင်မှ လမ်းစရှာရတတ်တဲ့ အမေ့မျက်ရည်ကိုကျတော့ မြင်ရ တွေ့ရ သိရကောင်းမှန်းလည်း မသိ။ အမေ အကြိမ်ကြိမ် ငိုရတယ်။ အချစ်အတွက် ရောဝတီမက ကာရေဘီယန်အထိပါ လက်ပစ်ကူးပြချင်နေတဲ့ ကျွန်တော် မကြားဘူး။ လူက အထက်တန်းကျောင်းသား၊ အသက်က တစ်ဆယ့်ခြောက်၊ ဘာပညာမှ ဖြစ်ဖြစ်မြောက်မြောက် မတတ်၊ ထမင်းတစ်လုတ်အတွက် ဈေးစာရင်း တွက်မကြည့်ဖူးခဲ့တဲ့ကောင်က ရင်ကိုကော့လို့ ဟီးရိုးဂိုက်နဲ့ အဆန်းထွင်ချင်တော့ အဲဒီနေ့က စပြီး ဘဝမှာ အိမ်ပျောက်ဖို့ အကြောင်းဖန်ခဲ့ရတယ်။

ခေါင်းမာတယ်၊ အမေ့သားဆိုတဲ့ ဟောဒီကောင်က ခေါင်းမာတယ်၊ တစ်ခါတစ်ခါတော့လည်း ကောင်းပါတယ်။ ဒါပေမယ့် အပေါင်းနဲ့ အနုတ်လက္ခဏာတွေ စာအုပ်မှာ ချချရေးပြီးမှ အမြှောက်အစားနဲ့ ရောထွေးလို့ ညီမျှခြင်းရှာမရ။ ဘယ်လိုအမေကများ တစ်ဦးတည်းသော သား၊ အချစ်ဆုံးသော သားကို အဝေးမှာ ထားချင်ပါ့မလဲ။ ဒါပေမယ့် အတောင်မစုံခင် ခြေစုံကန်လို့ လေဟုန်မပျံခင်ကတည်းက မြေပြင်ပေါ် ခွေးကျကျသေဖို့လမ်းများတဲ့ ကျွန်တော့်အတွက် အမေ တွေဝေမနေခဲ့ဘူး။ အမှောင်နဲ့ဝေးရာ ရောက်ဖို့ ရှိရှိသမျှကို တုံးခုရင်း တွန်းတင်မှဖြစ်မယ်ဆိုတော့ ဟောဒီသကောင့်သားအတွက် ရန်ကုန် ရွှေမြို့တော်သွားလက်မှတ်ကို အမေ နလုံးသားပေးလို့ မတန်ရာမတန်ကြေးဈေးနဲ့ ဝယ်ခဲ့ရတယ်ပေါ့။ ကျွန်တော်တူးခဲ့သမျှ မိုက်တွင်းနက်နက်တွေမှာ အမေ့မေတ္တာမလျှံခဲ့ဘူးဆိုရင် ကျွန်တော်ဆိုတဲ့ကောင် အဲဒီကတည်းက နောင်တမွန်းလို့ သေတာ ကြာခဲ့ပြီ အမေ။

အဲဒီလို အကောင်းစားသားက ဘဝမှာ အကောင်းစားရမှသာ လိုချင်သတဲ့။ ဆယ်တန်းဆိုတဲ့ ဘဝတစ်ဆစ်ချိုးမှတ်တိုင်က အထွက် သူ့ပါးစပ်က ပြောတတ်လိုက်ပုံများ "ကျွန်တော် နိုင်ငံခြားမှာ ကျောင်းသွားတက်မယ် အမေ" တဲ့ .. ။ သူ့စိတ်မှာ အသိုက်အမြုံမရှိ၊ အမျိုက်ပုံမသိ ဘာမသိ ဆင်ကန်းတောတိုးနဲ့ စိတ်ထင်ရာမိုက်ရူးရဲတတ်တဲ့ သားကို အမေတို့က ခွင့်လွှတ်ပြီးသား။ ပြော်၊ သူ ပညာရေးမှာ အမြင့်ဆုံးကို မြင့်နိုင်သမျှပျံသန်းစေဖို့ တွန်းတင်ပေးရမှာ တို့တာဝန်တဲ့။ အလှည့်ကျ အသုံးတော်ခံဖို့ရောက်လာတဲ့ ဇရာအိုမင်းမှုက အမေ့ကို ဆုပ်ချေထုနယ်ရင်း အိမ်ရဲ့စီးပွားရေးက ဒီရေအတက်ဘက်ကနေ တစစနဲ့ပြန်အကျ၊ အနုတ်လက္ခဏာများလာတာကို မသိခဲ့တာလား၊ မသိချင်ယောင်ဆောင်ခဲ့တာလားဆိုတာ သူ ကိုယ်တိုင်လည်း မသိ။ ပုခုံးပေါ် ခွဲဝေယူတင်ရမယ့် မိသားစုတာဝန်ဆိုတာ အသက်အရွယ် ငယ်ရွယ်မှုနဲ့ အကြောင်းပြရစတမ်းဆို လမ်းဘေးမှာ ကိုယ့်ဝမ်းကိုယ်ကျောင်းတဲ့ ကလေးငယ်တွေ သူ့ကိုကြည့်ပြီး ခွက်ထိုးခွက်လှန် ရယ်ကြလိမ့်မယ်။ သူကတော့ ခရီးဆောင်အိတ်တစ်လုံးနဲ့ လေယာဉ်ပေါ်တက်သွားလိုက်တာ သွေးသားဆွေမျိုး ဆိုတဲ့ သံယောဇဉ်တစ်မျှင်နှစ်မျှင်ကို စိတ်မှာ တိခနဲ ဖြတ်လို့။ အမေ နောက်တစ်ခါ မျက်ရည်ကျခဲ့ရပါလိမ့်မယ်။

သမ္မာအာဇီဝဆိုပေမယ့် တစ်ခါတစ်ချို့ကျ စက္ကူချပ်တွေ စုဆောင်းရတဲ့အလုပ်ဟာ ခက်တော့လည်း အခက်သား။ မဖိတ်မစင် လိုမ့်ဝင်နေဦးတော့ မိသားစုမှာ ကျွန်တော်ဟာ ယိုပေါက် တစ်ခု။ ပြန်လည်အချိုးချကြည့်ရင် အနည်းနဲ့အများ၊ အများနဲ့အနည်း၊ ကျွန်တော့် လက်တစ်ဖြန့်စာ အတွက် အမေ သက်ပြင်းမောတွေ ခဏခဏချခဲ့ရမှာတော့ သေချာတယ်။ အဲဒီတော့ မာနတွေ ထောင်းခနဲထလို့ ဒီဆုံးဖြတ်ချက်က ဖုန်ဖက်ခါချတာမဟုတ်ဘူး ကြွေးကြော်ရင်း ကျောင်းတက်တဲ့ သုံးနှစ်မှာ ညတိုင်းလိုလို အလုပ်ကြမ်းနဲ့လက်နဲ့ မပြတ်ဘူး။ ကျွန်တော် ယောကျ်ားဖျင်း မဟုတ်ဘူး အမေ၊ ကိုယ့်တစ်ဝမ်းစာ ကိုယ်ရှာစားနိုင်တယ်၊ ရှာစားမယ်လို့ပြောတော့ အမေ ငိုပြန်ပါရော။ အိမ်မှာဆို ကိုယ်စားပြီးသားပန်းကန်ကို မတို့မထိတဲ့လက်ကနေ သူများစားပြီးသားပန်းကန်တွေ ဆေးတဲ့လက်၊ စားပွဲထိုး လင်ဗန်းသယ်တဲ့လက်၊ ပေါင်မုန့်နယ်တဲ့လက်အဖြစ် တဖြည်းဖြည်း အသွင်ကူးပြောင်းခဲ့မှုမှာ ကျွန်တော်က လက်နာရှုံနာပြီး အမေက ရင်ဘတ်ပါနာရတယ်။

ဒီလိုနဲ့ ကြာလာတော့ ကြားတာတော့ တိုင်းတစ်ပါးမှာ အခြေကျဘာကျနဲ့ပဲ အဲဒီကောင်ဆိုတာက မြန်မာကျောင်းသားကော်မတီတစ်ခုရဲ့ ဥက္ကဋ္ဌတွေဘာတွေတောင် ဖြစ်လာခဲ့သေးသတဲ့ .. ။ ကျောင်းသား အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပရဟိတအဖွဲ့တွေ သူ့ကို သိပြီး သူကလည်း တော်တော်များများကို သိသတဲ့။ တစိမ်းသက်သက် အဖွဲ့အစည်းတွေမှာ တစိမ်းသက်သက်

လူသားတွေကြား တစ်ချပ်တစ်ပြားမရတဲ့ ပေးဆပ်မှုတွေပြုခဲ့တဲ့ အဲဒီကောင်က မိသားစုနဲ့ ပတ်သက်လာရင်တော့ ဘာမှသုံးမရတဲ့ လူပိုသက်သက်ဆိုတာ ထူးဆန်းနေသလား။ ပိုပြီး ထူးဆန်းတာကတော့ ဟောဒီရင်ဘတ်က အိမ်ဆိုတဲ့ နွေးထွေးမှုကို အရသာမခံတတ်တော့ဘဲ ထုံပေပေနဲ့ မာရေကြောရေနိုင်လာတဲ့ အဖြစ် .. ။ ကျွန်တော် အိမ်မပြန်တာ ငါးနှစ်ကျော်ခဲ့ပြီ။ သိပ်အေးခဲတဲ့ ညတွေဆိုရင် အမေ ရင်ကြပ်ပြန်ထတတ်သေးလား၊ သားသမီးနှစ်ဦးနဲ့ လင်ယောကျ်ား ဆုံးရှုံးပြီး တာတောင် လောကဓံနဲ့ အားပြိုင်လဲ့နေသေးတဲ့ အဘွားရော အားအင်ခန်းပြီလား၊ လက်ဖျားခါအောင် ဆိုးတဲ့ ကျွန်တော့်အစ်မ အခုထိ မိုက်တွင်းတွေတူးတုန်းပဲ သတင်းကြားလား၊ ကျွန်တော့်အချစ်တော် ခွေးမလေးဂျူလီ နေကောင်းရဲ့လား၊ အိမ်က လူတစ်ရပ်မကမြင့်တဲ့ စာအုပ်စင်ကြီးရော သူ့ကို မွှေနောက်ရှုပ်ဖွတတ်တဲ့ ကျွန်တော့်ကို မျှော်နေသေးလား .. ။ မေးခွန်းတွေဟာ မေးခွန်းတွေအနေနဲ့ပဲ စီးမျောကွယ်ပျောက်သွားပြီးနောက် အိမ်နဲ့ ကျွန်တော်အကြား မမြင်ရတဲ့ စည်းတစ်ကြောင်း ခြားပစ်လိုက်တယ်။ ကျွန်တော်ဟာ ကျွန်တော်မဟုတ်တော့ကြောင်းပြောဖို့ ကျွန်တော့်ကို တိုင်တည် ရည်ညွှန်းပေမယ့် ကျွန်တော်ကိုယ်တိုင်ကလည်း ကျွန်တော်သိခဲ့တဲ့ ကျွန်တော်နဲ့မှ မတူတော့တာဘဲ။ ကိုယ့်အိမ်အကြောင်း၊ ကိုယ့်မိသားစုအကြောင်း တစိမ်းတွေပြောပြမှ သိရတတ်တဲ့ အဖြစ်တွေကို ကျွန်တော့်ရဲ့ညံ့ဖျင်းမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ နံပါတ်စဉ်ထိုး ချရေးလိုက်ကြစို့ (အမှတ်စဉ် ဆက်လက်ရေတွက်ဖို့ ခင်ဗျားရဲ့ လက်နစ်ဖက် ခဏငှားပါ) .. ။ စည်းအပြင်ရောက်ရောက်နေတဲ့ ခြေလှမ်းတစ်စုံကို ဘယ်သူကမှ တွန်းထုတ်ခဲ့တာမှ မဟုတ်ဘဲလေ။ အဲဒီတော့ အဲဒါ ကျွန်တော့် ရွေးချယ်မှုလို့ပဲ ဆိုလိုက်ရအောင်ပေါ့။

အမေကသာ အမေမို့ မရှိတာရှာကြံလို့ ဂုဏ်ယူနေတတ်တာပါ။ ပါးစပ်က တဖွဖွနဲ့ ကိုယ့်ကိုယ်ကို ရိုးသားပါစေ၊ မိုးခါးရေတော့ တစ်သက်မသောက်ဘူးဆိုတဲ့ကောင်က တကယ်တမ်းကျ ဘယ်နေရာများ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာခဲ့လို့လဲ။ လွန်လေပြီးတဲ့ငါးနှစ်တုန်းက ဘာသာစုံဂုဏ်ထူးဆိုတဲ့ (တကယ်တော့ ဘာမှမဟုတ်တဲ့) တံဆိပ်ကြီးကပ်လို့ ရင်ကော့နေဖူးတဲ့ မဖြစ်ညစ်ကျယ်ကောင်က အခုကျ စာသင်ခန်းပညာရေးကိုပဲ သံသယတွေ ကြီးနေလိုက်ပုံများ ကျောခိုင်းလက်ပြဖို့အထိပါ အဆုံးစွန် တွေးလို့။ နှလုံးသားမှာ စူးစိုက်နစ်ဝင်နေဆဲ တစ်ချောင်းတည်းသော ဆူးက "အနုပညာ" ပါလို့ ကြွေးကြော်ရင်းပေါ့။ အဲဒီဆူးကို တစ်ခါဆိုတစ်ခါမှ ဆွဲနုတ်ဖို့ မကြိုးစားတာလည်း မဟုတ်ပြန်ဘူး၊ ကိုယ်ဥ္ဇကိုက ဒီထက်ဒီ ပိုပြီးနက်ဝင်တွယ်ရစ်အောင် ရိုက်ရိုက်သွင်းချင်နေခဲ့တဲ့ အဖြစ်။ ကဗျာဆရာ ယောင်ယောင်၊ စာရေးဆရာယောင်ယောင်၊ ဟိုယောင်ယောင် ဒီယောင်ယောင်၊ တကယ်တော့ ဘာကောင်မှလည်း မဟုတ်။

အဲဒီမည်ကာမတ္တ စာရေးဆရာဘဝမှာတောင် လာသေးတာက (မောင်ချောနွယ်ကိုအားကျပြီး) အဲဒါ ဝင်္ကနာကံနာပါလို့ ခေါင်းစဉ်ဆွဲတပ်ချင်သေးတော့ တစ်ချိန်က ကောင်းကင်လွင်လွင်မှာ တော်လည်းသံ အပြိုင်းအရိုင်းနဲ့ မိုးမှုန်မှုန် မှိုင်းခဲ့ရပြီ။ အစိမ်းရင့်ရောင် တိမ်တိုက်တွေကလည်း ကျုပ်နဲ့ ဝေးရာကိုသာ ရောင်ဖယ်ပြေးလို့။ ပြေးလည်း ပြေးချင်စရာ၊ ကျုပ်မှာက ကိုယ့်စာအုပ် ကိုယ်ပြန်ထုတ်လို့ ကိုယ့်အရင်းထဲက ကိုယ့်အရှုံးကိုတွက်ပြီး ကိုယ်လက်နဲ့ ကိုယ်လိုက်ရောင်းရတဲ့အဖြစ်ဆိုတော့ ချို့မြိန်မှုဆိုတာ အပေါ်ယံအလွှာပါးပါးမျှရယ်။ အဲဒါလည်း သူမ စုပ်ယူလို့ ကုန်ခဲ့ခန်းခဲ့ရပေါ့။ ဝတ္ထုတိုတစ်ပုဒ် မဂ္ဂဇင်းစာမျက်နာပေါ်ရောက်ဖို့ နှစ်နဲ့ချီပြီး စောင့်ရတဲ့ဘဝက ပွတ်ရှိကင်လို မဟုတ်၊ ဒစ်ကင်းစ်နဲ့ ဂျိမ်းဂျိုက်စ်မဟုတ်၊ ဆစ်ဒနီရှယ်လ်ဒွန်လည်း မဟုတ် .. ။ ဆိုတော့ ခြေထောက်ကို သံပတ်ပေးလို့ ပြုတ်မထွက်မချင်း ရုန်းရုံပဲပေါ့။ လမ်းတကာလည်း လျှောက်ခဲ့ဖူးပါရဲ့။ လွယ်အိတ်နဲ့ ဆေးပေါ့လိပ် မခဲတော့ပေမယ့် ဒီနေ့ခေတ်ရဲ့ ဝတ်ဆင်မှုအနုပညာမှာ အတော်နှစ်ချို့နေတဲ့ အဝတ်အစားတစ်ချို့ပါသေးရဲ့လားဆိုတာတောင် ကိုယ့်ဘာသာ မေးခွန်းထုတ်မကြည့်ခဲ့မိဘူး။ နောက်ဆုံးပေါ် မိုဘိုင်းလ်ဖုန်းတစ်လုံးကို အရသာခံနေဖို့ထက် ဟောဒီလက်တစ်ဖက် ရေးအားတက်ဖို့ မောင်းနှင်ရတာတင်ပဲ ခက်ခဲလှဘိခြင်း။ ကြာတော့လည်း တစ်ကိုယ်ရေတစ်ကာယဆိုတာကို ကြံ့သလိုဖြေရှင်းခြင်းနဲ့ပဲ ညီမျှခြင်း ချလိုက်ရတယ်။ အဲဒီလို ဇရုတ်သုတ်ခအပေါင်း အဝင်အထွက်ပြုလို့ ကျုပ်ရဲ့ ဧည့်ခန်းမှာ ကြုံကြိုက်ရင် ပန်းတစ်ပွင့်လောက် စိုက်သွားပေးပါဦး .. ။ အရင်တစ်ခေါက် သူမ ယူလာပေးတဲ့ ခရမ်းရောင် သစ္စာပန်းတွေတော့ ပေးစွမ်းနိုင်သမျှ ကဗျာအရိပ်အောက်မှာ မလန်းနိုင်လို့ နွမ်းကြွေသွားတာ ကြာခဲ့ပြီ။

ကြာလာတော့လည်း ဒီလိုပါပဲ၊ နေတတ်လာတာပါပဲ။ စက်ရုံရဲ့ စည်းပတ်လမ်းထဲက စက်ရုပ်ဘဝမှာ လက်လှုပ်မှလည်း ပါးစပ်ဒုက္ခချုပ်ငြိမ်းမှာဆိုတော့ အေးခဲပြီးနလုံးသား ပိုမိုမာတောင့်လာလည်း ပေးစရာအနွေးဓါတ် မရှိတော့ဘူး။ တစ်လှမ်းစလျှောက်၊ နှစ်လှမ်းစလျှောက်၊ အဲသလိုနဲ့ပဲ ကိုယ့်ခြေထောက်ပေါ်တော့ အနိုင်နိုင်ရောက်ခဲ့ပြီ။ အိမ်ဆိုတဲ့ အရိပ်ကတော့ အခုထိအောင် ပျောက်တုန်း။ ပြန်လှည့်ကြည့်ဖို့ ကြိုးစားတိုင်းလည်း တိုင်းတစ်ပါးရဲ့ ဦးနှောက်ဖောက်စားရေး စီမံကိန်းက ခံဝန်ကတိ တစ်ချို့နဲ့ ကြွေးမြီများက လည်ပင်းအထိ တရစ်ရစ်တွယ်တက်လာလို့ ညညတွေပါ လန့်လန့်နိုးရတဲ့ အဖြစ်။ ကော်လာပြာ အလုပ်သမားတစ်ယောက်ရဲ့ စားဝတ်နေရေးမှီတည်မှုဟာ ကုမ္ပဏီဘတ်ဂျက်၊ စီးပွားရေးပေါ်လစီ၊ အထက်လူကြီးရဲ့ ခေါင်းတစ်ချက်အဆတ်တွေအထိ ပါးပါးနပ်နပ် ကျယ်ပြန့်နေကြောင်းလည်း မျက်စိရှေ့မှာ တွေ့နေရ မြင်နေရတော့ သက်မချလို့ ခပ်ဖွဖွဆုတောင်းနေရဆဲ။ အဲဒီလို မလူးသာမလွန့်သာဘဝမှာပဲ ရသလောက်ကလေး လူးကာလွန့်ကာနဲ့ တစ်ခါတစ်ခါလည်း အမေ့မေတ္တာ

ကို လွမ်းတယ်ပြောချိန်မှာတော့ အသိဉာဏ်မှာ အိမ်ဆိုတာ မှုံရီဝိုးဝါးပေါ်လာတတ်ပါရဲ့။ အဲဒီလို ခဏငယ်တွေကလည်း လျှပ်ပြက်သလိုပါပဲ။ နေ့စဉ်နေထိုင်မှု ဘဝပုံသေကားချပ်ထဲမှာ ဘာကိုမှ တသသလွမ်းဆွတ် မနေအားလို့ ဆန္ဒတစ်ချို့ကို အိပ်မက်ထဲထိ ပစ်သွင်းထားရတတ်တယ်။ သူမနဲ့ ကျွန်တော်အကြား အက်ကွဲကြောင်းရာတွေ မှန်တစ်ချပ်လို မွမွကြေခဲ့တဲ့နေ့ အပါအဝင်ပေါ့။ လမ်းခွဲခြင်းဆိုတာ ဆစ်ခနဲတိုးဝင်လာတဲ့ အပ်တစ်စင်းထက် လွယ်ကူမြန်ဆန်လွန်းနေတော့ ထုံကျင်ယစ်မူးနေဖို့ အချိန်မရခဲ့လိုက်ဘူး။ ခက်တာက အဲဒီလို တစ်လောကလုံးနဲ့ အလဲအထပ်ပြပြီး ချစ်ရဲတဲ့မိန်းမနဲ့ လွဲခဲ့ရတုန်းကတောင် ဆတ်ဆတ်ခါ နာကျင်ခဲ့ရပေမယ့် အလုပ်မပျက်၊ စာရေးမပျက် နိုင်ခဲ့ဘူး မဟုတ်လား။

ခလုတ်ထိမှ အမိတ ဆိုပေမယ့် ဟောဒီကောင်က ဩောင့်စူးတာတောင် အသံထွက်ညည်းဖို့ မာနကြီးနေတဲ့ကောင်။ ကျောခင်းရာကို အိမ်မှတ်တတ်တော့ အိမ်လွမ်းသူသီချင်းကိုလည်း ခပ်တိုးတိုး ဆိုညည်းကြည့်စရာလို့တောင် မထင်ခဲ့တဲ့ကောင်။ သက်မဲ့ပစ္စည်း တစ်ခုလို၊ စက်ရုပ်တစ်ရုပ်လို၊ ပရိုဂရမ်ရေးထားတဲ့ ယန္တရားတစ်ခုလို .. ။ ခင်ဗျားတို့ မသိကြလို့၊ တကယ်တော့ ကျွန်တော်ဆိုတဲ့ အရေခွံအောက်မှာက အဲဒီလိုကောင်။

ပြောနေကျ စကားတစ်ခွန်းက "ကြိုးမြင်လျှင် ဖြတ်တတ်သောအကျင့်ရှိသည်" တဲ့။ တကယ်တော့ ဘဝမှာ ရစ်နှောင်ထားတဲ့ ကြိုးတွေလည်း ဖြတ်လို့ကုန်ခဲ့ပြီးပြီ။ တစ်လောကလုံးမှာ ဘာကိုမှ ဖက်တွယ်မထားတတ်တဲ့ အဲဒီကောင်ကတော့ အမှောင်ကို အလင်းနဲ့ဖောက်ဖို့ ခြေဦးတည့်ရာ လျှောက်လို့ကောင်းနေတုန်းပဲ။ ဒီလိုနဲ့ အမှားတွေလည်း အများကြီး မွေးခဲ့ဖူးပါရဲ့။ အဲဒီအမှားတွေကို အမှားနဲ့ ဆေးရင်း အမှားတွေနံဘေးမှာ နေထိုင်လာခဲ့တာလည်း အခုဆို နှစ်ဆယ့်နဲ့တစ်နှစ် တိတိ .. ။ နောင်တရသလားမေးရင်တော့ ခေါင်းကိုခပ်သွက်သွက်ရမ်းပြရင်း အိပ်မက်တွေ တသီတတန်းကြီး မက်လို့ဝတဲ့ တစ်ချိန်ချိန်ကျရင်တော့ အမှန်တရား တစ်ခုနစ်ခုတွေ့လာမှာပါ ဆိုတဲ့ စကားကို ပါးစပ်က မချသေးဘူး။

အဲဒီလိုသားကို "မွေးရကျိုးနပ်ရဲ့လား အမေ" လို့မေးရင်တော့ အမေ ဘာပြန်ဖြေမယ်ဆိုတာ သိပါရက်နဲ့ မေးဖို့မဝံ့မရဲ တိုးတိတ်ဆွံ့အလို့ အခုထိ မသိချင်ယောင်ဆောင်ထားမိတုန်းပဲ အမေ။ ။

--- တည်တံ့ (G.B.K) ---

**********************************



ရုပ်
ဒီ
မိတ်
များ
ရှင့်
ဆရ
ဆိုင်
ခြင်း

Design: Aung Ye’

မနက်ခင်းကို ရယ်ဒီမိတ်ပုံသေကားချပ်နဲ့ စတင်ဖွင့်လှစ်

ရယ်ဒီမိတ်ကော်ဖီ 3 in 1 နဲ့

ရယ်ဒီမိတ်အသားညှပ်ပေါင်မုန့် (စက္ကန့်သုံးဆယ် အပူပေးရန်)

ဆေးစပ်စရာမလိုတဲ့ ရယ်ဒီမိတ် ဒန်းပေါင်းလ်စီးကရက်။

အသိတစ်ယောက်ယောက်နဲ့ လမ်းမှာတွေ့ရင်ပြောဖို့

ခေါက်ရိုးကျိုးနေတဲ့ ရယ်ဒီမိတ်စကားလုံးတွေပါ ပြင်ဆင်ထားမှ

ရယ်ဒီမိတ်လောကွတ်တွေပါ ပိုပိုလိုလို သယ်လာခဲ့တယ်

တကူးတကလည်း ရယ်ဒီမိတ်အပြုံးတုတွေ တပ်ဆင်နေစရာမလို

ပါးစပ်တွေ ညောင်းလာတဲ့အခါ

ရယ်ဒီမိတ် Smiley တစ်ခုသာ Chat Box မှာ ရိုက်ထည့်လိုက်

တော်ရုံကိစ္စ ပြီးသွားတာပါပဲ။

ဘာပြီးရင် ဘာလုပ်ရမယ် မေးဖို့မလို

ဒါပြီးရင် ဒီကိုသွားရမယ့် ရယ်ဒီမိတ်လှုံ့ဆော်မှုနဲ့

ရယ်ဒီမိတ်အချိန်ဇယားအောက်မှာ နာရီလက်တံများ အသက်ရှူမဝကြ။

ငါတို့တွေကတော့ ရယ်ဒီမိတ်လမ်းကြောင်းပေါ် လျှောက်လို့ကောင်းတုန်း

ရယ်ဒီမိတ် ဘဝနေထိုင်မှုပြဌာန်းချက်

မိဘတွေ အစားဝင်မက်ပေးထားတဲ့ ရယ်ဒီမိတ်အိပ်မက်

ဘာဖြစ်ရမယ် ညာဖြစ်ရမယ်

ရယ်ဒီမိတ်လေ့ကားထစ်များ တဖြည်းဖြည်းချင်း တက်ရင်းပါပဲ

ဘာတွေ ဖြစ်ကြတယ် ညာတွေ ဖြစ်ကြတယ်

ကြာလာတော့

ရယ်ဒီမိတ်နိစ္စရူဝကို ငါတို့တတွေ ငြီးငွေ့လာခဲ့ကြ

ရယ်ဒီမိတ်စိတ်ကူးတွေဟာ ပျင်းရိအေးစက်လို့

အရည်တတောက်တောက်ထွက်

ရယ်ဒီမိတ်အတွေးအခေါ်တွေ ပုပ်လာတယ်၊ ပွလာတယ်

ဦးနှောက်ယိုစီးမှုတသွင်သွင်နဲ့ ယိုယွင်းလောက်တက်လာတယ်

ဒါတောင်မှ ကိုယ့်ဆုံးဖြတ်ချက်နဲ့ လက်တစ်ဖက် ကွေးဆန့်ကြည့်ဖို့ ဝန်လေးတုန်း

ရယ်ဒီမိတ်မဟုတ်ရင် မစားချင်တော့တဲ့ ရောဂါ

ခေါင်းတွေကိုသာ ခပ်သွက်သွက်ကြီး ညိတ်လို့

ခေါင်းဟာ ခါယမ်းလို့ရသေးကြောင်း မေ့လျော့နေကြသလား။

ဘွဲ့ရ = ဘဝရဲ့ ??? လား မေးတော့

ဟုတ်တာပေါ့၊ ရယ်ဒီမိတ်သမားများ အလုအယက် လက်ခုပ်တီးကြ

ရယ်ဒီမိတ် စာအုပ်ထူထူကြီးတွေနဲ့ ပေတံအဟောင်းအနွမ်းတွေ ဖက်တွယ်ရင်း

လူပြိန်းကနေ လူပိန်းသို့ ပြောင်းလဲမှု အီဗော်လူးရှင်းကို

ရယ်ဒီမိတ်သမားငါတို့တွေ သိဖို့တော့လိုမယ်။

ရယ်ဒီမိတ် အိုင်ဒီယိုလိုဂျီ

ခေါင်းထဲမှာ အမြစ်တွယ်နေတဲ့ ရယ်ဒီမိတ် ရေပေါ်ဆီဝါဒ

အင်တာနက်ပေါ် ပျံ့နှံ့နေတဲ့ ရယ်ဒီမိတ် ညစ်ညမ်းမှုများ

အကွက်မြင်တတ်တဲ့ စီးပွားရေးသမား လိုက်အော်ရောင်းနေတယ်

(ရယ်ဒီမိတ်အိုင်ဒီယာတွေ ရမယ်၊ ရယ်ဒီမိတ်အိုင်ဒီယာတွေ ရမယ်)

နားထဲကို အငဲရဲ့ ရယ်ဒီမိတ်သီချင်းသံ ပျံ့လွင့်လာတယ်

(ရယ်ဒီမိတ်များစွာ ရှေ့မှာ၊ အတူစွန့်စားကြစို့ မင်းနဲ့ငါ)

ရယ်ဒီမိတ်ရောဂါဟာ ဆိုးရွားတဲ့ ဗိုင်းရပ်စ်တစ်မျိုးလို

လူကနေ လူကို ကူးစက်ပြန့်ပွားတယ်

သူ့ထက်ငါလည်း အလုအယက်

ရယ်ဒီမိတ်ဈေးကွက်ကို လုရင်း ယက်ရင်း ရှာရင်း ဖွေရင်း

ဟုတ်ကဲ့၊ ဘာလိုချင်သလဲ ပြောပါ ဆရာ

ဟောဒီမှာ ရယ်ဒီမိတ်ဘွဲ့လက်မှတ်တွေ ဝယ်လို့ရတယ်

ဟောဒီမှာ ရယ်ဒီမိတ်စုံတွဲအေဂျင်စီတွေ သွားလို့ရတယ်

ဟောဒီမှာ ရယ်ဒီမိတ်ကုတင်ပေါ်ကညာတွေ စားလို့ရတယ်

ရယ်ဒီမိတ်စနစ်ဟာ ရယ်ဒီမိတ်ခေတ်နဲ့ အံဝင်ခွင်ကျပြီးသား

ဒါများ ဘာလို့ ရယ်ဒီမိတ်ကို ဆန့်ကျင်လို့

မလိုအပ်ဘဲ အပင်ပန်းခံချင်နေသေးလဲ မေးရင်တော့

ပြန်ဖြေစရာ ရယ်ဒီမိတ် စကားလုံးမရှိ

ဆိုတော့ အများနဲ့အတူ ရယ်ဒီမိတ် မိုးခါးရေလိုက်သောက်ရင်း

လာမယ့် ရယ်ဒီမိတ်နှစ်သစ်မှာ ရယ်ဒီမိတ်ခေတ်မီအောင်

အခုည ရယ်ဒီမိတ် အိပ်မက်တစ်ခုလောက်တော့ ကြိုမက်ထားရင် ကောင်းမလား

ရယ်ဒီမိတ်တွေရမယ် ... ဟောဒီက ရယ်ဒီမိတ်တွေရမယ်။ ။

--- တည်တံ့ (G.B.K) ---



Design: Aung Ye'

ကြေးမုံပြင်ထဲ

က ကျွန်တော့်

ပုံရိပ်

လမ်း

ပျောက်ပြီး

ထွက်သွား

တယ်

ကြေးမုံပြင်ထဲက ကျွန်တော့်ပုံရိပ် လမ်းလျှောက်ပြီး ထွက်သွားတယ်။ ထုံးစံအတိုင်းပဲပေါ့၊ အချိန်တန်ရင် သူပြန်လာလိမ့်ဦးမှာ။ အဲဒါကိုလည်း ကျွန်တော် သေချာသိနေပြီးသား။ အရင်တစ်ခါတုန်းကတော့ အနီရောင်နယ်မြေတစ်ခုထဲကို ရုတ်တရက် တိုးဝင်သွားခဲ့ဖူးတယ် (ကျွန်တော် တားဖို့ကြိုးစားပေမယ့် မမီတော့ဘူးလေ)။ မီးအိမ်နီနီ၊ နှုတ်ခမ်းနီနီ၊ နံပါတ်ပြားနီနီတွေ။ မဆုံးနိုင်ဘူးထင်ရတဲ့ မှောင်မိုက်လမ်းကြားတွေ ကွေ့ပတ်ဖြတ်လျှောက်ရင်း သူကိုယ်တိုင် အနီရောင်ရဲရဲ အခိုးအငွေ့တွေအဖြစ် ပျောက်ကွယ်သွားတယ် ဆိုလား။ စက္ကန့်တံတွေကို ငွေစက္ကူနဲ့ချင်တွယ်ရတဲ့ ကစားနည်းက သိပ်ပျော်စရာကောင်းတယ်လို့လည်း ပြောသေးရဲ့။ တစ်စက္ကန့်ဟာ သုည ဒသမ သုည သုံးဒေါ်လာနဲ့ ညီမျှတယ်ဆိုပဲ။ ကျွန်တော် ဘုရားတမိသွားတယ်။ နောက်တစ်နေ့မနက် သူပြန်ရောက်လာတော့ ကျွန်တော့်ကို အဲဒီလိုပြောတော့တာပဲ။ နောက်တစ်ကြိမ်ဆိုရင် ဒီထက်ပျော်စရာကောင်းတဲ့ ကစားနည်းမျိုး ကစားရဦးမယ် ဆိုတာလည်း ပါရဲ့။ မေးမနေတော့ပါဘူး၊ စက္ကူချပ်တွေရဲ့ တန်ဖိုးလည်း ဒီထက် နှစ်ဆသုံးဆ ခုန်တက်သွားမှာ အသေအချာပေါ့။

ကြေးမုံပြင်ထဲက ကျွန်တော့်ပုံရိပ် လမ်းလျှောက်ပြီး ထွက်သွားတယ်။ အရင်တစ်ခေါက် ကျွန်တော်သူ့ကို စိတ်မကြည်တာ ရိပ်မိလို့နဲ့တူတယ်၊ အဝေးကြီးလျှောက်မသွားတော့ဘူး။ လမ်းပျောက်နေဟန်တူတဲ့ အင်ဒီယန်း အဖိုးကြီးတစ်ဦးကို စိတ်ပါလက်ပါ ကူညီပေးနေတယ်။ သူ ဘာဆက်လုပ်မလဲပေါ့၊ ကျွန်တော်ကတော့ ခပ်တည်တည်ပဲ ငေးကြည့်နေမိတာပဲ။ အဖိုးကြီးက ခြေဟန်လက်ဟန်နဲ့ တစ်ခွန်းစ နှစ်ခွန်းစပြောတယ်။ ခေါင်းကုတ်နေပုံထောက်ရင် အဖိုးကြီးပြောတာ သူနားလည်ဟန် မတူဘူး။ ကျွန်တော်ကတော့ ဖြူတယ်မည်းတယ် ပြောမနေပါဘူး၊ သူလုပ်ချင်တာ လုပ်ပစေပေါ့။ နောက်ဆုံး ကျောပိုးလွယ်အိတ်ထဲက စာရွက်တစ်ရွက်နဲ့ ဘောပင်တစ်ချောင်း ထုတ်လိုက်တော့မှ သူတို့ပြဿနာ ပြေလည်သွားကြတယ်။ အဖိုးကြီး လက်ညှိုးညွှန်ရာကြည့်လိုက်တော့ အခုနပဲ သူလျှောက်လာခဲ့တဲ့ လမ်းတစ်ခု ဖြစ်နေတယ်။ ဦးတည်ရာနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပေမယ့် သူက စာနာဖော်ရွေဟန်နဲ့ အဖိုးကြီးကိုဦးဆောင်ပြီး အဲဒီလမ်းအတိုင်း ပြန်လျှောက်သွားလိုက်တယ်။ အဖိုးကြီးက ကျေးဇူးတင်စကား တစ်ခွန်းပြောတိုင်း သူမျက်နှာမထားတတ်ပုံကိုကြည့်ရင်း ကျွန်တော်တော့ ရယ်နေမိတာပဲ။ ဒီလိုဆိုတော့လည်း ဒီကောင်က သိပ်မဆိုးလှပါဘူး။

ကြေးမုံပြင်ထဲက ကျွန်တော့်ပုံရိပ် လမ်းလျှောက်ပြီး ထွက်သွားတယ်။ တစ်ညတလေပါပြောလာတော့ ကျွန်တော်လည်း သူ့ကို မတားသာတော့ဘူး။ သူကတော့ ညမွှေးပန်းရနံ့ သင်းထုံနေတဲ့ မီးရောင်ခပ်မှိန်မှိန် ဘားတစ်ခုထဲ ခပ်တည်တည်ပဲ လျှောက်ဝင်သွားတယ်။ သောက်နေကျ ယမကာ

တစ်မျိုးရဲ့ အမည်ကိုရွတ်ပြရင်း နောက်ထပ်နှစ်ခွက်စာပါ အပိုထပ်မှာလိုက်တယ်။ တစ်ပ်မန်းနီး အနည်းငယ်ထုတ်ပေးရင်း ရိုကျိုးဟန်ရှိတဲ့ စာပွဲထိုးလေးကို မျက်စိတစ်ဖက် မှိတ်ပြလိုက်တော့ ဟိုကလည်း သဘောပေါက်သွားတော့တာပေါ့။ သိပ်မကြာလှဘူး၊ သူ့စားပွဲဝိုင်းကို နတ်မိမယ်နှစ်ပါး ကိုယ်ထင်ပြလာတော့မှ ယမကာနှစ်ခွက် အပိုမှာထားတဲ့ သူ့လုပ်ရပ်ကို ကျွန်တော်လည်း ခပ်ရေးရေး သဘောပေါက်သွားမိတယ်။ ဒီလိုမျိုးတွေလည်း ရှိတာပါပဲလား။ သကောင့်သားကတော့ သူ ပိုပြီး သဘောခွေ့ပုံရတဲ့ အပြာရောင်နတ်မိမယ်လေးကို ခါးဖက်ရင်း စကားတွေ ရွှန်းရွှန်းဝေလို့ .. ။ မကြာဘူး သူတို့ ကြွေအံပစ်တမ်း ကစားကြတယ်။ ရှုံးသူက အရက်တစ်ခွက် သောက်ကြေးတဲ့လေ။ ဖန်ခွက် သေးသေးလေးတွေလည်း စားပွဲပေါ် အတော်ပုံလာပြီ။ ဆားဖြူးဖြူးနဲ့ သံပုရာသီးစိတ်တွေလည်း နေရာအနှံ့ ပျံ့ကျဲလို့။ နာရီကိုကြည့်လိုက်တော့ မနက်သုံးနာရီခွဲ။ အချိန်ကုန်တာ သိပ်မြန်တာပါကလား။ ဒီလိုဆိုတော့မှပဲ ဒင်း အိမ်ပြန်ဖို့ သတိရသေးပါလားလို့ တွေးမိရင်း ကျွန်တော်လည်း စိတ်မသက်မသာ သက်ပြင်းချမိသွားတယ်။ သူကတော့ အတော်ရေချိန်ကိုက်နေပုံ ပေါ်နေမယ့် သူ့ကိုယ်သူ ထိန်းနိုင်သေးတယ်။ သူ့နောက်လိုက်ချင်ဟန် အရိပ်အမြွက်ပြနေတဲ့ အပြာရောင်မလေးကို မသိချင် ယောင်ဆောင်ပြီး ပြန်ဖို့စကား ဆိုတယ်။ သေချာမကြားလိုက်ရပေမယ့် နောက်တစ်ပတ် ပြန်လာပါ့မယ် ဆိုတာတော့ပါရဲ့။ ဒါတောင် ဟိုဒင်းမကလေးကလည်း သူ့ကို လက်သန်းချင်းချိတ်ပြီး သေချာ ကတိကောင်းလိုက်သေးတယ်။ အတော်လာပါကလားလို့ အကျယ်ကြီးအော်ရယ်တော့မယ် လုပ်ပြီးမှ မရယ်ဖြစ်ပြန်ဘူး။ ကျွန်တော်ပဲ အရင်လှည့်ထွက်လာလိုက်တယ်။

ကြေးမုံပြင်ထဲက ကျွန်တော့်ပုံရိပ် လမ်းလျှောက်ပြီး ထွက်သွားတယ်။ အတော်တော့ ကြာခဲ့ပါပြီ။ သူကိုယ်တိုင်တောင် မေ့ချင်မေ့နေလောက်ပြီလား မသိ။ သူ့လိုကောင်ဆီမှာ ကောင်းကွက်ကလေး တွေက အတော်ရှားရှားပါးပါးမိုလို့သာ ကျွန်တော်တော့ သတိရနေမိတာ။ အဲဒီတုန်းက သူ့ပုံစံက စုတ်တီးစုတ်ပြတ်မို့ သိပ်တောင်မမှတ်မိချင်ဘူး။ အဲသည်နေ့မှာ အလုပ်က ရှားစပါးစ မုန့်တစ်ပူး လက်ဆောင်ရတာမို့ ဖွင့်ကြည့်လိုက်တော့ ခပ်သေးသေး ချော့ကလက်ဘရောင်နီနှစ်ခု။ ဘရောင်နီကို ဘယ်လောက်ကြိုက်မှန်း သူပြောမပြဖူးပေမယ့် ကျွန်တော်က အလိုလိုသိနေတာ။ အဲသည်တော့ တဖျတ်ဖျတ်လက်သွားတဲ့ သူ့မျက်လုံးတွေကိုကြည့်ပြီး သူ သေသေချာချာ အရသာခံရင်း စားတော့မယ် ဆိုတာ ကျိန်းသေသိလိုက်ပါရဲ့။ မီးဖိုချောင်ထဲကို သူဖျတ်ခနဲ လှမ်းဝင်သွားတော့ ကျွန်တော် ပထမ သဘောမပေါက်မိဘူး။ နားလည်သွားတဲ့ အချိန်ကျ မျက်ခုံးနှစ်ဖက် ပင့်တက်သွားတယ်။ ပန်းကန်ဆေးတဲ့ ကုလားလေးကို သူ့ဝေစုတစ်ခု ခွဲပေးနေတာကိုး။ ကုလားလေးက အံ့သြဝမ်းသာဟန်ပြပေမယ့် သူ့မျက်နှာ က မှုံကုပ်ကုပ်ရယ်၊ သူ့ကို ညံ့ရန်ကောလို့ နားမလည်သလိုကြည့်နေတဲ့ တခြားသူတွေရဲ့ မျက်လုံးတွေကို

လည်း မသိသလို ခပ်တည်တည်။ ကျွန်တော် သူ့အနားလျှောက်သွားရင်း တစ်ခုခုပြောဖို့ ပြင်လိုက်တော့ သူက ငါပိုက်ဆံရှိတဲ့တစ်နေ့ ဒါတွေ ဝယ်စားလို့ရပါတယ်၊ သူ့အတွက်တော့ သိပ်မလွယ်ဘူးကွတဲ့။ ကျွန်တော့်ကို ပုခုံးပုတ်ရင်း လမ်းလျှောက်ပြီး သူထွက်သွားပြန်တယ်။

တစ်ခါတော့ သူနဲ့ ကျွန်တော် အကြီးအကျယ် သဘောထားကွဲလွဲပြီး စကားများကြတယ်။ တကယ်ကို အကြီးအကျယ်ပဲ။ ကျွန်တော်လည်း လောကနီတိတွေ၊ ကျင့်ဝတ်တွေ၊ တန်ဖိုးတွေ ဘာတွေ ညာတွေ စုံအောင် စကားလုံးကြီးကြီးကျယ်ကျယ်သုံးပြီး သူ့ကို တနင့်တပိုး ပြောပစ်တာ။ ကျွန်တော် တစ်ခွန်းပြောတိုင်း သူ ရယ်တယ်။ ပြောသမျှစကားတိုင်းကို သူ ရယ်နေတော့တာ။ ကြာတော့ ကျွန်တော်လည်း ပြောနေရင်းပဲ အာခေါင်တွေခြောက်သလိုဖြစ်ပြီး မောလာတယ်။ သူကလည်း ဒီအကွက်ကောင်းကိုပဲ စောင့်နေဟန် တူပါရဲ့။ စကားတစ်ခွန်းပြောတယ်။

"မင်းနဲ့ ဆန့်ကျင်ဘက် မြင်ရလို့ မင်းမှန်နေပြီ ထင်သလား၊ သေချာလည်း ကြည့်ဦး၊ မင်းက ငါ၊ ငါက မင်းဆိုတာကို မမေ့နဲ့" တဲ့ .. ။

အဲသလိုပြောအပြီး ကြေးမုံပြင်ထဲက ကျွန်တော့်ပုံရိပ် လမ်းလျှောက်ပြီး ထွက်သွားတော့တာပဲ။

--- တည်တံ့ (G.B.K) ---

****************************************

# ကဗျာနဲ့ တစ်နေ့တာ

နှိုးစက်သံ မကြားရတဲ့ မနက်ခင်း၊ မှာ ဖိမ်ခံအိပ်ရခြင်း၊ က နိုးလာတဲ့နောက် နို့စိမ်းများများနဲ့ ဖျော်ထားတဲ့ ကော်ဖီတစ်ခွက်၊ သောက်ရင်း မနက်ခင်း သတင်းစာ၊ ဖတ်ပြီးတာနဲ့ ကွန်ပျူတာရှေ့ ထိုင်၊ ပြီး Facebook ဝင်၊ ကြည့်ပြီးတဲ့နောက် မနေ့ညက နိုင်သွားတဲ့ မန်ယူပွဲ Highlight နဲ့ စားမြုံ့ပြန်၊ လို့ဝမှ ဆွဲလက်စ ဒီဇိုင်းတစ်ခုကို လက်စသတ်၊ မှတ်ထားတဲ့ အချိန်ရောက်ရင် မီးဖိုချောင်ဝင်၊ ပြီး မွှေနှောက်ကြည့်လို့ တွေ့တာစား၊ စရာက ဘေကွန်နဲ့ ကြက်ဥ၊ ပဲ နေ့တိုင်း မရိုးနိုင်အောင်အုပ်၊ ဆောင်းထက်မှာ (အလို) စာတစ်စောင် (ပါလား)၊ ဆိုပြီး ဖွင့်ကြည့်တာ Star Hub က ဖုန်းဘေလ်ဖြစ်နေ၊ ပါစေ အမြိုက်တောင်းထဲကိုဝဲ၊ $2^{nd}$ Warning Letter စောင့်ဦးမယ်၊ မယ်ရရ မရှိတဲ့နောက် စီးကရက်သောက်၊ ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ပါသည် ဆိုတဲ့ သတိပေးစကားက Bullshit လို့ပြော၊ တဲ့ကောင်တွေ အရင်သေတာပါလို့ ပြန်တွေးမိ၊ တိုင်း နောက်တစ်လိပ် ထပ်သောက်၊ ပြီးမှ အခန်းထဲဝင်၊ တာထွက်တာ မကြိုက်လို့ တံခါးကို လော့ခ်ချထား၊ ပြီး ကဗျာတစ်ပုဒ်တော့ ရေးရဦးမည်၊ လို့ တွေးမိတော့ ရှာန်သွင်း၊ သမျှက ထွက်သွား၊ တုန်း ဖုန်းဝင်လာတယ်၊ ဆိုတော့ ကိုင်ရပြန်တယ်၊ "သားကြီး အခုည သောက်မလား" လို့ မောင်ကြည်ကမေး၊ စရာတောင် မလိုပါဘူး တကယ်တော့၊ ခေါင်းမခါဘူးဆိုတာ သူလည်း အသိ၊ ပြီးသားမို့ ပွဲဖြစ်သွား၊ ပြီမို့ အခုတော့ ကဗျာဆက်ရေးဦးမှ၊ ရေးလက်စကိုဖွင့်ကြည့်၊ လိုက်တော့ တစ်လုံးမှ မရေးရသေးကြောင်း သဘောပေါက်၊ ရင်းနဲ့ စရေးပြီ၊ "အချစ်ရေ .. " တော့ မလုပ်နဲ့၊ လို့ ကိုယ့်ကိုယ်ကိုပြန် တောင်းပန်ရသေး၊ တဲ့ အကြောင်းရင်းက အစွန်းရောက် အိတ်စ်ပရက်ရှင်းနစ် ဖြစ်လုလု၊ ယက်ခံထားရတဲ့ နှလုံးသားတစ်ခုကို အစွဲတွေဖျောက်ချေဦးမှ၊ ပေါ့ လူလည်း ရောဘတ်လိုဝဲလ်လို Confessional Poet တစ်ပိုင်း၊ တစ်စလောက် ထုတ်ပြမိရင်ပဲ အချစ်ဆိုတာက ချည်ငင်ချည်ထွေး၊ ထုတ်လိုက်ပါတော့ (ဝေါ့)၊ ပေါ့ပါးသွားပြီ၊ မို့ ရှေ့ကိုဆက်၊ ရေးမယ်၊ ဆိုတာ ဘာအကြောင်းလဲ၊ လို့ သုံးသပ်စိတ်ကူးရအောင်လည်း ငါက ဘာဆိုဘာမှကို မသိ၊ တာကိုများ ရေးချင်သေးသလား မမေးနဲ့၊ အနာဂတ်သွေးလန့်မှု ပြဿနာ လား၊ စာပေပူလစ်ဇာဆု အကြောင်း လား၊ ဂလိုခေတ်နဲ့ နောက်ဆုံးပေါ် Nano Tech တွေ လား၊ ဟော့ဖြစ်နေတဲ့ LP/ PLP/ Flarf အကြောင်းလား၊ လား လား လားပေါင်းများစွာနဲ့၊ တော့ အလုပ်ဖြစ်မယ်မထင်၊ တော့လည်း ဘာခက်တာလိုက်လို့၊ ကိုယ့်အကြောင်း ကိုယ်ရေးမှာပေါ့၊ ဆိုရင် Anti-lyric ကြွေးကြော်နေတဲ့ ခေတ်ကြီးမှာ "ငါ" ဆိုတာ ကိုခဏချွတ်ချထား၊ လို့ ဝိုင်းသမကြရင် ဘယ်လိုလုပ်မတုန်း၊ ဆို ငါလည်း မဖြေတတ်၊ သမျှ မှတ်သမျှကလည်း လက်တောက်လောက်၊ အသိလေးနဲ့ အလုပ်မဖြစ်၊ ဖြစ်မြောက်မြောက်လုပ်ပါ ကိုယ့်လူ၊ ရင်းတွေမို့ သတိပေးတာ၊ ကျေးဇူးပါ ဆရာ၊ သမားဂုဏ်တက်ပြီး တုတ်ပြခဲပြတွေ၊ ကြောက်လွန်းလို့ ကဗျာဆရာလို့တောင် မသုံးနှုန်းရဲ၊

ရဲတောက် စကားလုံးတွေ အဲဒီလို ထွက်ကျလာမယ်အလုပ်၊ မဟုတ်တာ ဖုန်းလာပြန်ပြီမို့ ဖုန်းကိုင်၊ ကိုင်း မဖြစ်တော့ဘူး ဒီလို၊ ဆိုလည်း အဝတ်အစား လဲ၊ လှယ်လို့ တံခါးကို သော့ခတ်၊ ပြီး ဓါတ်လှေကားဆီ အသွား၊ ကို ဘတ်စ်ကားနဲ့ပဲ လိမ့်ရင် ကောင်းလိမ့်မယ်၊ စကြဝဠာရှုံးလောက်စရာ ကုတ္တိယတောကို တိုး၊ ဇော့ လျှောက်လာရင်း နလုံးခုန်သံ ဒိန်းတပ်တပ်၊ ဆင်ထားတဲ့ ဗို့အားပြင်းလက်နက်များကြောင့် ခေါင်းထဲက ဘာသာစကား အဆောက်အအုံ ပြိုလဲ၊ သွားရင်း ကဗျာကို ငါမေ့ ကဗျာက ငါ့ကိုမေ့၊ ဆေးပေးမှာက ပယင်းရောင် ပုလင်းများ စီတန်း၊ ထားသမျှ အကုန်လဲမှ ပြန်ရမယ် သားကြီး၊ အိုကေ ရယ်ဒီ၊ နေ့ကို ဆိုင်းဘုတ်အဖြုတ် Last MRT အမီ ပြေး၊ လွှားနေတဲ့ စိတ်တွေက ယောက်ယက်ခတ်စွာ အစိုးမရ၊ မက သော့တံကို အတင်းလှည့်ဖွင့် (ချောက်)၊ အိမ် ရောက်ပြီ၊ ဆိုတော့ အတွေးမှာ ခပ်ရေးရေး၊ ရဦးမယ် ငါ့ကဗျာ မပြီးသေး၊ တာမို့ လက်ပ်တော့ပ် ဖွင့်၊ ထားတဲ့ Note Pad က ဗလာ၊ နယ်ရဲ့ လေးလံမှုကို စတင်တည်ဆောက်၊ သုံးမကျတဲ့ စကားလုံးတွေပဲ ထိုးထည့်နေမိ၊ တော့ ဖောင်းပွလာ၊ ရင် မဖြစ်သေး၊ လို့ ခုတ် ထစ် ဖြုတ် ထုတ်၊ ပယ်တာ လက်လွန်သွား (ဟာ ဘာမှ မကျန်တော့ဘူး)၊ အော်ဟစ်ရင်း အသစ်ကပြန်စ၊ တင်ဖို့ Inspiration စတင် မွေးမြူ ထားတဲ့ ဖြစ်တည်ဆဲခဏငယ်များ ပျောက်ဆုံးကုန်ကြ၊ တာကို လိုက်လံရှာဖွေရင်း လောကရဲ့ အလေးလံဆုံး အရာတစ်ချို့ မေးစင်း၊ စင်းလဲနေတဲ့ အိပ်ယာပေါ်မှာ နင့်ကို သတိရ၊ စွာနဲ့ စာရေးလိုက်ပါတယ် မာရီယာ။ ။

--- တည်တံ့ (G.B.K) ---

*******************************************

# မြူနှင်းများကြားမှာ



(၁)

တစ်ခါတုန်းက ...

မြူနှင်းများကြားတွင် ...

မတူညီသော အိပ်မက်တစ်စုံ မွေးဖွားခဲ့ဖူးသည်။

(၂)

ဖွေးဖွေးဆွတ် နှင်းမြူလွှာဝတ်ရုံကို လုပစွာသိုင်းဖွဲ့ခြုံလွှမ်းထားသော မိုးသောက်ယံက တိတ်ဆိတ်စွာ နှုတ်ခွန်းဆက်၏။ နာရီလက်တံတိုက ပျင်းရိလေးတွဲ့စွာ သမ်းဝေရင်း လေးဂဏန်းသို့ ရွေ့လျားကူးပြောင်းရန် ဟန်ပြင်နေသည့်အလား။ ဆုတ်ခွာရန် စိုင်းပြင်းနေသည့် ညခင်း၏ နက်ရှိုင်းကောက်ကျစ်သောအပြုံးကို ဝါကျင့်ကျင့် လမ်းဘေးမီးတိုင်များက ဖမ်းယူ သိမ်းဖွက်ထားလိုက်ကြသည် (နောင်နှစ်အချို့ ကြာမြင့်လာသည့်တိုင် အဆိုပါအပြုံးသည် နှလုံးသားတစ်ခုကို ပြုစားဖမ်းယူထားလိမ့်မည်ဟုတော့ ကြိုတင်သတိပေးခဲ့ခြင်း မရှိ)။ ငွေမင်ရောင် ဖိတ်ဖိတ်လက်နေသော နှင်းဆီခြုံများကြားတွင် နှင်းဆီနီတစ်ပွင့် တိတ်ဆိတ်စွာ နှင်းရည်သောက်သုံးနေ၏။ မကြာမီ အစွမ်းကုန် ဖူးပွင့်စွင့်ကားခြင်း အဆင့်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း မေးခွန်းထုတ်ရန် လိုလိမ့်မည်မထင်။ ပွင့်တော့မည်၊ ပွင့်ချေတော့မည်။ လက်ခုပ်တစ်ဖောင် မလှမ်းသော အကွာအဝေး၌ မနက်ခင်းလည်း လင်းပွင့်ချေတော့မည်။

ခိုက်ခိုက်တုန်ချမ်းမြမှုသည် ရိုးတွင်းချဉ်ဆီသို့ မရောက်သည့်တိုင် သွေးကြောများအတွင်း လျင်မြန်စွာ တိုးဝင်သွားလာနေ၏။ နွေးထွေးခြင်းတို့ ခရီးလွန်နေကြပါသလား။ အဖြူစောင်ခေါက်ထည်ကြမ်းကို လွှားခြုံထားသည့် တောင်သူကြီးဆီမှ ငုဝါကွမ်း တစ်ယာနှစ်ယာ တောင်းယူရခဲ့လျှင်မူ အေးစက်နေသည့် နှုတ်ခမ်းနှစ်လွှာကို ခေတ္တ အလုပ်ပေးထားနိုင်လိမ့်မည် ထင်သည်။ ဤကား အထင်သက်သက်မျှ။ ထိုအထင်သည်လည်း အေးစက်ရမ်းကားစွာ တိုးဝှေ့လာသော ဆောင်းညလေအကြားတွင် အဆောတလျင် ငုတ်လျှိုးပျောက်ကွယ်သွား၏။ နွေလေရူးဟု ဖတ်ဖူးကြားဖူးသော်ငြားဆောင်းလေသည်လည်း အံ့သြဖွယ်ကောင်းအောင် ရူးနှမ်းတတ်ကြောင်း အခွင့်အခါသင့်လျှင် ပြင်းခုံရပါဦးမည်။ ဘယ်ကလာ၍ ဘယ်ကိုသွားမည်လဲ။ မဟာလောကသီရိတိုက်ကျောင်းဆီမှ အုန်းမောင်းခေါက်သံသဲ့သဲ့သည် ချမ်းတုန်နေသောညခင်းကို အလန့်တကြား လှုပ်နှိုးလိုက်သည်။ ထချေလေတော့ အသင်ဆောင်းည။ အချိန်ရောက်ပြီ။

မဲနက်ရှည်လျားသော မြွေတစ်ကောင်နှင့် အလားတူသည့် ကတ္တရာလမ်းမကျယ်သည် အတွေးပုံရိပ်တို့ကို တွန့်လိမ်ကောက်ကွေ့စွာ ခေါ်ဆောင်သွား၏။ နာရီလက်တံတို့ကို သဘာဝနှင့် ဆန့်ကျင်စွာ လည်ပတ်စေလိုက်သောအခါ ဘယ်ဘက်ရင်အုံအောက်တွင် ကာလကြာရှည် အိပ်ပျော်နေခဲ့ဟန်တူသော အနာဟောင်းတစ်ခု အသစ်တဖန် မွေးဖွားလာသည်။ နာလှချည့်ဟု ခပ်တိုးတိုး မအော်မိ

တော့ပါ။ အပြီးတစ်ခုသည် ပျော်ရွှင်မှုသရုပ်ကို ဖော်ဆောင်တတ်သော်ငြား တစ်ခါတရံတွင်မူ ဆန့်ကျင်ဘက်အနက် ထွက်တတ်ကြောင်း မှတ်သားကြပါလော့။

တစ်ချိန်တစ်ခါတုန်းက ဤလမ်းမဘေး တစ်နေရာတွင် သိမ်မွေ့လှပသော ဆံနွယ်ရှည်များ အိပ်မက်ဆန်ဆန် လွင့်မျောနေခဲ့ဖူးသည်။ ထိုဆံနွယ်များကို သူခိုးတစ်ယောက်က ညင်သာဖွဖွ ခိုးယူနမ်းရှိုက်ခဲ့ဖူး၏။ ထိုအနမ်းတစ်ပွင့်သည် နောင်နှစ်ပေါင်း ကုဋေကုဋာတိုင် ဤကမ္ဘာမြေပေါ်တွင် စွဲထင်တည်တံ့နေလိမ့်မည်ဟု ကျွန်တွယ်ပြောသောအခါ ညီမလေးက ခပ်တိုးတိုးရယ်ရင်း မယုံပါဘူး ဟု ပြောသည်။ သဘောကျစွာပြုံးမိရင်း ဖြူဝင်းသော လက်ဖမိုးတစ်ဖက်ကို နှုတ်ခမ်းဖြင့် ထိကပ် ဖိရှိုက်ထားသည့်အခါ ရယ်သံလွင်လွင်တို့ ထွက်ပြေးပျောက်ကွယ်သွားကြ၏။ တဖန် ပြန်ရောက်လာ လိမ့်နိုးနိုး မစောင့်စားခဲ့မိသည်ကား အမှန်။

အဝေးတစ်နေရာဆီမှ အုန်းမောင်းခေါက်သံ ပျံ့လွင့်လာပြန်သည်။

အို ထလေလော့ အသင်ဆောင်းည။ အချိန်ရောက်ပြီ။

.......................................................................................................................

(၃)

"လေတ်။ ထတော့ ဟေ့ကောင်။ သွားရအောင်"

ခြံဝင်းတံခါးဆီမှ ဇော်ဇော်ဝင်းနှင့် ကိုထက်တို့၏ အော်ခေါ်သံသည် တိတ်ဆိတ်သော မိုးသောက်ယံနှင့်တကွ စောင်ထူထူအောက်မှ ဆောင်းညစည်းစိမ်တို့ကိုပါ လှုပ်နှိုးလိုက်သည်။ မျက်စိနှစ်လုံး၏ အလိုကို ဆန့်ကျင်ပြီး လူးလဲထ၍ နံရံမှ မီးခလုတ်ကို ဖွင့်သည်။ ချောက်ခနဲ မြည်သံမှတပါး လေးဘက်လေးတန်မှ အမှောင်ထု ပျောက်မသွား။ ခပ်တိုးတိုးကျိန်ဆဲ၍ ခေါင်းအုံး အောက်သို့ လက်နှင့်လိုက်စမ်းသည်။ ဓါတ်မီးတွေ့ပြီ။

သိုးမွေးဆွယ်တာအပါးပေါ်မှ ဂျင်းဂျာကင်ကို ထပ်ဝတ်သည်။ ဝေါ့ကင်းရှူး စွပ်သည်။ ပိုက်ဆံအိတ်နှင့် ဓါတ်မီး ထည့်သည်။ အိမ်ရှေ့တံခါးကို တတ်နိုင်သမျှ အသံမမြည်စေရန် သတိထား ပိတ်လိုက်သောအခါ အပြင်ဘက်ရှိ ဆောင်းလေထုက ခပ်ကြမ်းကြမ်း ပွေ့ဖက်လာ၏။ ကိုထက်က "လခွီးဘဲ ကြာလိုက်တာကွာ။ လေးနာရီတောင် ခွဲတော့မယ်" ဟု ပြုံးဖြီးဖြီး ဆီးကြိုနှုတ်ဆက်သည်။ ဆဲဆိုခြင်းသည် ယေဘုယျအားဖြင့် အနတ်လက္ခဏာ ဆောင်သော်လည်း ရင်းနှီးသော သူငယ်ချင်းများ အကြားတွင်မူ ခင်မင်မှုကို ထုတ်ဖော်ပြသသော ဘာသာဗေဒဖြစ်ကြောင်း အချင်းချင်း နားလည်လျှင် လုံလောက်ပြီ။ သွားကြရအောင်။

သုံးယောက်သား ရွှေမဥ္ဇူဘုရားဆီသို့ သွားကြသည်။ ရန်ကုန်-ပြည် ကားလမ်းမ တစ်လျှောက် ပိန်းပိတ်အောင် အုံ့ဆိုင်းနေသော မြူနှင်းထုအကြားသို့ အစုလိုက် အစုလိုက် ရွေ့လျားပျောက်ကွယ် သွားကြသော လူအုပ်ကြီးကြားတွင် တိုးဝင်လိုက်ပါသွားရခြင်း။ ရယ်မောသံ၊ စကားပြောသံ၊ စက်ဘီးဘဲလ်တီးသံ၊ ကတ္တရာလမ်းမကို ရုပ်တိုက် ကျီစယ်သွားသော ဖိနပ်ခွာသံများသည် နံနက်ခင်း၏ တိတ်ဆိတ်မှုများကို နိဋ္ဌိတံစေ၏။ အဝေးမှ ခုန်ပေါက်ပြေးလွှားလာသော "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသော အသံချဲ့စက်မှ အော်သံအက်အက်သည် ကားလမ်းမ တစ်လျှောက် လမ်းလျှောက်သူ လူဦးရေ ထပ်မံတိုးပွားလာဦးမည်ဖြစ်ကြောင်း ကြိုတင် အချက်ပေး နေသည်။ ပထမဆုံးအကြိမ် ဆင်နွှဲဖူးသော တစ်နယ်သားတစ်ဦးဦး ဖြစ်သည်ဆိုအံ့။ ဒီဇင်ဘာ လမ်းလျှောက်ပွဲတော်သည် ဤမြို့လေး၏ ချစ်စရာ အလေ့အထတစ်ခုဖြစ်ကြောင်း မြို့သူမြို့သားများက ပြုံးပြုံးရယ်ရယ် ရှင်းပြကြပေလိမ့်မည်။

"ဒီနေ့ လူများတယ်ကွ။ မြန်မြန်လျှောက်ရအောင်။ တော်ကြာ ကောက်ညင်းပေါင်း ဝတ်နေဦးမယ်"

ဇော်ဇော်ဝင်းက လောဆော်သည်။

"ဝတ်ဝတ်ပေါ့။ ပြီးခဲ့တဲ့ တစ်ပတ်ကလည်း ငါတို့ရတဲ့ သုံးထုပ်မှာ နှစ်ထုပ်က စားမရအောင် မာနေတယ်။ အပြန်ကျမှ ကားဂိတ်မှာ ငါတို့ဘာသာ လက်ဖက်ရည် ဝင်သောက်ရအောင်"

"သူများ အလကားဝေတဲ့ ကောက်ညှင်းပေါင်းကို ချေးများနေပြန်ပြီ။ ငါတို့က ဝီရိယကောင်းလို့ ရလိုက်တယ်ဆိုတဲ့ အရသာပဲ လိုချင်တာ။ အရင်တစ်ပတ်က မိစုတို့တွေ သူတို့ ခုနစ်ရွာရောက်တော့ ကောက်ညှင်းပေါင်းက ကုန်နေပြီတဲ့။ အဲဒါ တဖျစ်ဖျစ်နဲ့ ပြောမဆုံးဘူး။ အိမ်မှာဆို ကောက်ညှင်းပေါင်း မတို့မထိတဲ့ သူဌေးသမီးက လမ်းလျှောက်ပွဲက အလကားရတဲ့ ဟာကျ လိုချင်လိုက်တာ ဖျတ်ဖျတ်လူးပဲ"

လေထုထဲသို့ ပေါ့ပါးလတ်ဆတ်သော ရယ်မောသံများ လွင့်ပျံ့ခုန်တက်သွားကြ၏။ သို့သော် ပိုမို သေးငယ်စူးရှသော အခြားရယ်မောသံအချို့နှင့် ထိတွေ့ပွတ်တိုက်မိပြီး ပြန်လည် ပြုတ်ကျလာ၏။

"ဟော့ကောင်တွေ ကြားလား။ ငါတို့ရှေ့မှာ မိန်းကလေးတစ်အုပ်စုရှိတယ်"

"နိပ်ဟ မြန်မြန်လျှောက် မြန်မြန်လျှောက်"

ကိုထက်၏ အချက်ပေးသံတိုးတိုးကြောင့် တိုင်ပင်ထားရန်ပင် မလိုဘဲ ခြေလှမ်းများကို ခပ်သွက်သွက် အရှိန်မြှင့်လိုက်ကြစဉ် နောက်ဖက်ဆီမှ ကားဟွန်းတီးသံကြောင့် နံဘေး မြေနီလမ်းပေါ်သို့ ဆင်းပေးလိုက်ကြ၏။ ထိုကားမီးရောင်ကြောင့် မြင်လွှာထဲသို့ လျှပ်တစ်ပြက် တိုးဝင်လာသော အရှေ့မှ လူအုပ်။ ရုတ်တရက် ငေးမောသွားမိစဉ်။ အဆိုပါ စက္ကန့်ပိုင်းလေးသည် ရင်ဘတ်ထဲမှ အရာရာကို အဝေးသို့ ယူဆောင်ထွက်ပြေးသွား၏။ ရင်ခုန်သံတို့ကို ပြောင်ပြောင်တင်းတင်း ခိုးယူခြင်းခံရမှုအတွက် တစ်ခုသောပုဒ်မဖြင့် တရားစွဲဆိုသင့်ကြောင်းနှင့် ထိုအတွက် အလျော်အစားပြန်လည်ရသင့်ကြောင်း ပြဌာန်းထားပါသလား။ ပြဌာန်းချက် မရှိခဲ့ပါမူ ရှိသင့်ကြောင်း အဆိုပြုရပါလိမ့်မည်။ ရင်ခွင်တစ်ခုလုံးသည် ဟာလာဟင်းလင်း၊ တကယ့်ကို ဟာလာဟင်းလင်း။ လမ်းလျှောက်နေခြင်းလော လွင့်မျောနေခြင်း လောဟု မိမိကိုယ်ကို မေးမြန်းကြည့်သည့်အခါ နှုတ်ခမ်းအစုံက အာစေးမိနေသည့်နှယ် ဖွင့်မရ။

ဆွယ်တာ ပန်းနုရောင်နှင့် သွယ်လျလျပုံရိပ်တစ်ခု။ ဖျတ်ခနဲ ရမ်းခါသွားသည့် မမေ့နိုင်ဖွယ် ဆံနွယ်ရှည်များ။

"ညီလတ်။ အဲဒါ မင်းကောင်မလေး မဟုတ်လား"

"အေး ဟုတ်တယ်"

"အဲဒါ မင်းအတွက် အခွင့်အရေးပဲ။ အသုံးချပေတော့ ကိုယ့်လူ"

ရင်ဘတ်ထဲမှ စည်းချက်ကျ တဒုတ်ဒုတ်သံသည် ပိုမိုမြန်ဆန်လာ၏။ ဘာလုပ်ရမည်နည်း။ နလုံးသားမြို့တော်တွင် အခွင့်မတောင်းပါဘဲ ဘင်ခရာတီးကခုန်နေသူတို့သည် မောင်းထုတ်သည့်တိုင် ထွက်မသွားကြ။ တစ်ခုခုတော့ လုပ်ရမည်။ အအေးဒဏ်ကြောင့် ပါးစပ်ထဲမှ အငွေ့များ ထွက်လာသည့်တိုင် လေတစ်ချက် ခပ်ပြင်းပြင်းမှုတ်ထုတ်ရင်း သူမ အနီးသို့ လျှောက်သွားသောအခါ ဘင်ခရာတီးဝိုင်းက အရူးအမူး အရှိန်တက်လာ၏။

"ညီမလေး။ လမ်းလျှောက်လာတာလား"

အင်မတန် တုံးအသည့် မေးခွန်းဖြစ်သော်လည်း ခေါင်းထဲမှာ စဉ်းစားမိသမျှမှာ ဒါအကုန်။ သို့သော် သူမက လှည့်ကြည့်သည်။

"ဩော် ......... ဟုတ်ကဲ့"

ဟုတ်ကဲ့ ဟူသော ခပ်ဆိုင်းဆိုင်းအဖြေသည် အာမေဋိတ်သံနောက် စက္ကန့်ပိုင်းကြာမှ တိုးညင်းစွာ ပေါ်ထွက်လာ၏။ အံ့အားသင့်စွာ ဝိုင်းစက်သွားသော သောက်ရှူးကြယ်အစုံကို ဤကမ္ဘာလောကတွင် တစ်ဦးတည်း အပိုင်စီး၍ ထာဝရသိမ်းဆည်းထားချင်မိသည်အထိ လောဘကြီးမိသည် ဆိုလျှင် ရှိပါစေလေ။ ထိုမျက်ဝန်းနက်တစ်စုံအတွက် လက်ဖက်ရည်တစ်ခွက် အဖော်ပြုရင်း တိတ်တခိုး စောင့်ဆိုင်းနေမိသည့် ညနေပေါင်းများစွာ ရှိခဲ့ကြောင်း မည်သူမျှသိရန် မလိုအပ်ပါ။ ထိုအထဲတွင် စားပွဲထိုးလေး၏ "အစ်ကို ဘာမှာမလဲမသိဘူး" ဆိုသော အမေးကို "ညီမလေး" ဟု ယောင်ယမ်း ဖြေမိမလို ဖြစ်သွားခဲ့ဖူးသည့် ရက်ရှို့ဖွယ်ညနေခင်းတစ်ခု ပါဝင်ကြောင်းကိုလည်း သူမအား ပြောပြ လိမ့်မည်မဟုတ်ပါ။ ညနေခင်း သုံးဆယ့်ခုနစ်ခု ဝါးမြိုခြင်းခံလိုက်ရသည့်အခါ ရင်ဘတ်၏ ဘယ်ဘက် အပေါ်ပိုင်းဒေသမှ အချစ်စစ်ပွဲအကြောင်းကို နလုံးသားက အတည်ပြုကြေငြာသည်။ ချစ်မိသွားသည် ဟုဆိုလျှင် ဘာကို ချစ်မိသည်လဲ။ သူမ၏ သွယ်လျပါးလှစ်သော ကိုယ်ခန္ဓာကိုလား။ တင်ပါးကျော်သည် အထိ ရှည်လျားဖြောင့်စင်းသော မဟူရာဆံနွယ်များကိုလား။ ဝင်းလဲ့ဖြူမွတ်သော လည်တိုင် ကျော့ကျော့ကိုလား။ ဆိုးဆေးပါးပါးဖြင့် လှပသွေးသွယ်သော လက်ချောင်းများကိုလား။ သို့တည်းမဟုတ် မှုန့်နွဲ့စွာ ရီတတ်သော မျက်စောင်းလှလှကိုလား။ ထိုအရာ အားလုံးလား။ သေချာစွာ မသိပါ။

သူမကမူ စာအုပ်အငှားဆိုင်တွင် လေးငါးခြောက်ခါမျှ ဆုံခဲ့ဖူးသော မျက်မှန်းတန်းမိရုံရှိသည့် ယောကျ်ားလေးတစ်ယောက်က စကားစ မိတ်ဖွဲ့လာခြင်းကို အံ့ဩကောင်း အံ့ဩနေဖွယ် ရှိသည်။

"သူငယ်ချင်းတွေ မပါဘူးလား"

"ဟင့်အင်း။ ကျွန်တော် တစ်ယောက်တည်းပဲ။ အခုနမှ ကားမီးရောင်နဲ့ ညီမလေးကို မြင်မိလို့။ ကျွန်တော် ဒီအဖွဲ့နဲ့ လိုက်ခဲ့လို့ ရတယ်မဟုတ်လား"

အချစ်ကြောင့် လိမ်ညာကြသူများစာရင်းတွင် အလိုအလျောက်ထပ်တိုးသွားသော နာမည် တစ်ခုအတွက် နမြောတသစရာ မရှိပါ။ သူမက ခပ်တိုးတိုးရယ်သည်။ သူမ၏ သူငယ်ချင်း ဖြစ်ဟန်တူသော ကောင်မလေးသုံးယောက်က စူးစမ်းသလိုကြည့်ရင်း လိုက်ရယ်ကြသည်။ ဘာကြောင့် ရယ်လည်းမသိ၊ အလိုလို ကြက်သီးထချင်သည်။

"လိုက်ခဲ့လေ ရပါတယ်။ သမီးတို့လည်း လေးယောက်ထဲပဲ"

အကြည့်တစ်ချက် ခလုတ်တိုက်မိတိုင်း နှလုံးသားက မဆီမဆိုင် ထထခုန်သည်။ တားမြစ်ထားသော ပန်းသီးကို စားသုံးပြီးနောက် ဧဝကို ကြည့်မိသောအခါ အာဒံတစ်ယောက် မည်သို့ ခံစားခဲ့ရမည်ကို ကမ္ဘာဦးသို့ ပြန်မသွားရပါဘဲ သဘောပေါက်သွားသည်။ ယနေ့ကျမှ ပိုမိုလွန်ကဲ သယောင်ဖြစ်နေသည့် ဆောင်းလေအေးကြောင့်ပေလား မသိ၊ လက်ဖျားများလည်း အေးချင်၏။ မသိမသာ စောင်းငဲ့ကြည့်တော့ သူမ မျက်နာမှာ အပြုံးလဲ့လဲ့။

တဆိတ်တော့ လွန်ပြီထင်သည်။ ဘင်ခရာဝိုင်းသည် ယခုထိ မရပ်ကြသေး။

........................................................................................................................

(၃)

မြို့သစ်ဟူသော အမည်နာမ တစ်ခုရှိသည်။ စတုရန်းမိုင် ၂၂၇ ဟူသော ကိန်းဂဏန်းတစ်ခု ရှိသည်။ အိုမင်းရင့်ရော်နေသည့် ရထားသံလမ်းကြီး ရှိသည်။ မြေနီလမ်းများတစ်လျှောက် စိုလက်ဝေဆာသော သစ်ပင်ကြီးငယ်များ ရှိသည်။ ရေနံချေးဝနေသည့် အိမ်များနှင့် နေ့ခင်းကြောင်တောင် ငိုက်မြည်းနေသည့် ဆင်ခြေဖုံးရပ်ကွက်များ ရှိသည်။ ကောင်းကင်ပြာပြာအောက်တွင် အေးချမ်းစွာလဲလျောင်းနေသော မြို့လေးသည် ပထဝီဝင်အနေအထားအရ ပြင်ပ ကမ္ဘာမှ သီးခြားခွဲထွက်ဖြစ်တည်နေသည့်တိုင် နစ်လိုဖွယ် အချက်အလက်များနှင့် ပြည့်စုံနေ၏။

နွေရာသီသို့ရောက်သောအခါ ရော်ရွက်ဝါများအောက်တွင် တစ်မြို့လုံး သွေ့ခြောက် တိတ်ဆိတ်နေတတ်၏။ လေပွေနှင့်အတူ ပါလာသော ဖုန်နံ့ပြင်းပြင်းက ကြမ်းတမ်းစွာ ပွေ့ဖက်နှုတ်ဆက်၏။ မိုးဦးရာသီတွင်မူ သူ၏အဝါရောင်ဝတ်ရုံကို ချွတ်ချလိုက်ပြီ။ အစိမ်းရောင်များ လိမ်းကျံထားသော မြို့လေးသည် လေးလတိုင်တိုင် စိုစွတ်လှပနေတတ်၏။ ကံကောင်းလွန်းလျှင် လေးကိုင်းသဏ္ဍာန် ခုနစ်ရောင်ခြယ် သက်တန့်တစ်စင်းကို မိုးကောင်းကင်၏ တစ်နေရာရာတွင် တွေ့ရနိုင်သေးသည်။ သိပ်ကိုရှားပါးလှသည့် တရံတစ်ခါများတွင်ပေါ့။

သို့သော် ညို့ယူဖမ်းစားနိုင်စွမ်းအား အပြင်းဆုံးမှာ မှုံရီပြာဝေ ဆောင်းကာလ။ မြူနှင်းတို့ လှသည်။ ကဗျာဆန်စွာ လှသည်။ နံနက်ခင်းစောစောတွင် ပြတင်းတံခါးများ လှပ်ကြည့်လိုက်သည့်အခါ လမ်းတစ်လျှောက်လုံးကို နှင်းလွှာပါးပါးက သိမ်မွေ့စွာ လွှမ်းခြုံထားတတ်၏။ အရှေ့ ကိုက်အနည်းငယ်အကွာအဝေးကိုပင် မြင်ရတတ်သည်မဟုတ်။ အဆက်မပြတ် မြည်လာသော စက်ဘီးဘဲလ်သံကလင်ကလင်၊ ဆိုက်ကားတာယာသံ တကျွီကျွီတို့ကို ကြားရသည့်အခါ နှင်းထု၏ မည်သည့်နေရာမှ ရုတ်တရက်ထွက်ပေါ်လာမလဲ တွေးကာ စိတ်လှုပ်ရှား ရင်ခုန်ရတတ်၏။ ပြတင်းပေါက် ဘောင်နားအထိ ကိုင်းဖြာမိုးခက်နေသော သရက်ပင် ကိုင်းဖျားတို့တွင်လည်း ငွေရည်ဖွဲ့စ ပြုနေသော နှင်းမှုန်တို့ ဝေ့ဝဲတွဲခိုနေတတ်ကြသည်။ မိုးပွင့်များကဲ့သို့ လက်ဖြင့် ဖမ်းဆုပ်ထိတွေ့နိုင်ခြင်းမရှိသော မြူနှင်းတို့ကို အသာအယာ တို့ထိဆော့ကစားချင်စိတ်ဖြင့် မကြာခဏလည်း မချင့်မရဲ ဖြစ်ခဲ့ဖူးသည်။

အိုး ဆောင်းနံနက်ခင်း၏ အလှမှာ စကားနှင့်ပင် တင်စားဖွဲ့နွဲ့ဖို့ မတတ်နိုင်အောင်ပါပဲ။ ထိုသို့ သိပ်လှသော မြူနှင်းများအကြားတွင် သိပ်လှသည်ဟု ထင်သော ကောင်မလေးတစ်ယောက်နှင့် အတူတူရှိနေရခြင်းသည် အိပ်မက်များလားဟု မေးသောအခါ ညီမလေးက အခါတိုင်းလိုပင် ခပ်ဖွဖွရယ်၍

အပိုတွေဟု ပြောသည်။ သူငယ်ချင်းများ ပေးထားသော စကားတတ်သည်ဟူသည့် ဂုဏ်ထူးသည် သူမ၏ ရယ်သံချိုချိုအောက်တွင် ဆွံ့အနှုတ်ဆိတ်သွားတတ်ကြောင်း ဟိုကောင်တွေသိလျှင် ဟားကြလိမ့်မည် ထင်ပါသည်။ ဟားကြပါ၊ ကြိုက်မရက် ပိုက်မရက်ဟုပင် စကားပုံရှိသေးတာပဲ။ ညီမလေးကို ကြိုက်ရုံမက၊ ပောဒီရင်ဘတ်နှင့်ပါ အတိုင်းအဆမရှိအောင် ချစ်မြတ်နိုးကြောင်းပြောလျှင် သူမ နောက်တစ်ကြိမ် ရယ်ပါလိမ့်ဦးမည်။

"ဘာလိုလိုနဲ့ ကိုယ်တို့ တစ်နှစ်ရှိသွားပြီနော်"

သူမထံမှ စကားသံမကြားရ။ ကျောတွင်အပ်ထားသော သူမ၏ ပါးပြင်တစ်ဖက် လှုပ်ခနဲ လှုပ်ရှားသွားသည်ကို ခံစားမိသောကြောင့် သူမ ခေါင်းညိတ်လိုက်ကြောင်းသာ သိရသည်။

"အစ်ကို ညောင်းပြီလား။ ညီမလေး တစ်လှည့်နင်းမယ်လေ"

"နေပါစေ။ ရောက်ခါနီးပြီပဲ"

"စက်ဘီးနဲ့လာရတာ လမ်းလျှောက်ရတာလောက် ပျော်စရာမကောင်းဘူး နော် အစ်ကို"

"ဘုရားပေါ်အထိ သွားချင်တာဆို။ လမ်းလျှောက်ရင် ကိုယ်တို့ အပြန်နောက်ကျနေမှာပေါ့"

"အင်း ဟုတ်ပါတယ်လေ"

ပြက္ခဒိန်ကို နေ့ရက်တို့ တစ်စစီဆုတ်ဖြဲလိုက်ကြကြောင်း သိလိုက်ရချိန်တွင် တစ်နှစ် ကြာသွားပြီ။ မြို့လေးသည် ဘာဆိုဘာမှ ပြောင်းမသွား။ မြူနှင်းများနှင့် ဒီဇင်ဘာသည်လည်း ပြောင်းမသွား။ ပြောင်းလဲသွားသည်ကား လမ်းလျှောက်ပွဲတော်၏ နံနက်ခင်းတိုင်းတွင် နံဘေး၌ ဆံပင်ရှည်ရှည်နှင့် ချစ်စရာကောင်းမလေးတစ်ယောက် ရှိနေခဲ့ပြီ။ ယခင်က "လေတ်ရေ" ဟု တကြော်ကြော်အော်နိုးမည့် ကိုထက်နှင့် ဖော်ဖော်ဝင်းကို စောင့်ရသော်လည်း သူငယ်ချင်းများက နားလည်အလိုက်သိစွာ လာမခေါ်ကြတော့။ ထိုအခါ နားကွဲမတတ် တဒီးဒီးမြည်သော နှိုးစက်နာရီကို အားကိုးရ၏။ လမ်းထိပ်ရှိ ကုက္ကိုလ်ပင်ကြီးအောက်တွင် သူမတို့အဖွဲ့ စောင့်နေမည်ဖြစ်ကြောင်းသိသည်။ စက်ဘီးဘဲလ်သံ ပေး၍ ရောက်သွားသောအခါ သူမ၏ သူငယ်ချင်းများက "ကောင်းကောင်းခေါ်သွားနော်" ဟု ရယ်မောကျီစယ်ရင်း သူမကို လျောလျာရှူရှူထည့်လိုက်၏။ နောက်ကျနေသည့် အခါမျိုးတွင်မူ ဒဏ်ပေးသည့် အနေဖြင့် သူမကို ဝှက်ထားတတ်သေးသည်။

"ဒီနေ့ အေပရယ် မပါဘူး ကိုညီညီလတ်"

မျက်နှာပျက်၍ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ကို တွေ့သောအခါ တခွိခွိရယ်ကြသည်။ ဒါဆို သူတို့ညာနေတာဖြစ်ဖို့ ကျိန်းသေသည်။ သို့သော် လွယ်လွယ်နှင့်တော့ မရ။ ပါးစပ်ညှောင်းအောင် တောင်းပန်တိုးလျှိုးလေမှ "အဖြစ်သည်းလိုက်တာ" ဟု အားရအောင် ဝိုင်းနောက်ကြပြီး သူမကို ထုတ်ပေး၏။ သူမ မျက်နှာကလည်း ပြုံးစိစိ။

"အသံမပေး ဘာမပေးနဲ့ ကိုယ် စိတ်ပူအောင် လုပ်သေးတယ် ဟုတ်လား။ သူတို့ ဝှက်ထားလည်း ကိုယ့်ဘာသာ ထွက်လာပေါ့"

"အမယ် မလုပ်ရဲပေါင်။ သူတို့လာခေါ်ပေးနေလို့ ညီမလေး အိမ်ကထွက်လို့ရတာလေ။ ဒီနေ့ အစ်ကိုက နောက်ကျနေတာကိုး"

"အင်းပါ အင်းပါ။ ကိုယ် မှားတာပါ"

ထိုအခါမျိုးတွင် ခါးကိုရစ်နှောင်ထားသော လက်အစုံက ပိုမိုတင်းကျပ်စွာ ဖက်တွယ်လာတတ်သည်။ ဒါလည်း သူမရဲ့ မရိုးနိုင်သော ချော့နည်း တစ်မျိုးပေပဲ။ တစ်မြို့တည်း နေကြသည့်တိုင် စိတ်အေးလက်အေး အတူရှိရချိန်သည် ယခုလို ဆောင်းနံနက်ခင်းများသာ။ ထို့ကြောင့် ဆောင်းကို ချစ်သည်။ ဆောင်း၏ မြူနှင်းများကို ချစ်သည်။ သူမကို အားလုံးထက် ပို၍ ချစ်သည်။ သူမ၏ မျက်ဝန်းများကလည်း တူတူပါပဲဟု ပြန်ပြောသောအခါ အပြောကျယ်သော နှင်းမြူလွှာထု အောက်တွင် အရာခပ်သိမ်းတို့မှ ကွာဝေးသော သီးခြားနန်းတော်တစ်ခုကို လှပစွာရေးခြစ်နိုင်ခဲ့ကြ၏။ မြူနှင်းတို့ တည်သရွေ့ ထာဝရ မပြယ်ပျက်စတမ်း ရှိနေမည့် နန်းတော်တစ်ခု .. ။ မည်သူ ဖြို၍ ပြိုနိုင်ပါအံ့နည်းဟု ကြွေးကြော်သောအခါ ကန့်ကွက်မည့်သူ မရှိ။

သို့သော် .. ။

..........................................................................................................................................

(၄)

မျက်စိနှစ်လုံးမှိတ်လိုက်ရုံမျှဖြင့် သိစိတ်အစဉ်ပျောက်ကွယ်သွားမည်ဆိုလျှင် ယခုလောက် အိပ်ပျက်ည များရလိမ့်မည် မထင်ပါ။ ဘဝသည် ဆောင်းတစ်ညဖြစ်၏။ ဘဝသည် တဖျောဖျော ကျဆင်းနေသော မိုးစက်ပွင့်ငယ်များဖြစ်၏၊ ဘဝသည် သွေးခြောက်ညှိုးနွမ်းနေသော နွေနေ့လည်ခင်း တစ်ခု ဖြစ်၏။ ဘဝသည် အပြောကျယ်သောပင်လယ်ပြင်၏ လှိုင်းလေတံပိုးများ ဖြစ်၏။ ဘဝသည် ညစ်ညမ်းသော ဟာသတစ်ပုဒ်ဖြစ်၏။ ဘဝသည် ချွဲပျစ်အေးခဲနေသော လက်ဖက်ရည်တစ်ခွက် ဖြစ်၏။ ထိုသို့ ဘဝကို သတ်မှတ်ချက်ဘောင်များအတွင်း ရိုက်နှက်တံဆိပ်ခတ်နေရင်းပင် ဘဝ၏အဓိပ္ပါယ်များက ရုန်းကန်ထွက်ပြေးသွားကြသည်။ ရေခဲရေ ရောင်းနေသူတစ်ယောက်ကို ဖူးကိုး၊ တော်ဖလာတို့၏ ဒဿနများ သွတ်သွင်းပေးနေဖို့ မလိုပါ။ ထို့ကြောင့် အောင်၊ မြင်၊ ကြီး၊ ပွား စာလုံးတို့ပါသော တက်ကျမ်းများ တွေ့တိုင်း ထိတိုကြည့်ရန်ပင် ဆန္ဒမရှိ။ လိုအပ်သူများ ဝယ်ကြပါစေ။ ကာလရှည်ကြာစွာ လိုအပ်နေ ခဲ့သည့် ကွက်လပ်၏အဖြေမှာ ထိုအရာတို့မဟုတ်။

လွတ်လပ်ခြင်း..... ။ အချုပ်အနှောင်မဲ့သော လွတ်လပ်ခြင်း။

" ... မြို့မှ နုတ်ခွန်းဆက်သပါ၏" ဆိုသော နယ်နိမိတ်အစွန်းသို့ ခြေချမိသည်မှာ တစ်ရာ့တစ်ကြိမ်မြောက်ပင် ရှိပြီလားမသိ။ သူမကို ကျူရှင်အဆင်းကြိုရန် မရှိသည့် နေရက်များတွင် ဤနေရာလေးတွင် တစ်ယောက်တည်း လာထိုင်နေဖြစ်ခဲ့သည်မှာ ကြာပြီ။ "ညက ညီမလေး ဖုန်းဆက်တော့ အစ်ကိုမရှိဘူး" ဟု ပြောလာတိုင်း သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် ရောက်နေလို့ပါ ဟု ခပ်လွယ်လွယ် လိမ်ညာပစ်တတ်သည့် နှုတ်ခမ်းအစုံကို မုန်းတီးမိပါသော်လည်း တားမရ။ စီးကရက်ကို အားရပါးရရှိုက်ရင်း အဝေးသို့ လှမ်းမျှော်ကြည့်သောအခါ နက်မှောင်ပြောင်လက်နေသည့် ကတ္တရာလမ်းမက စိတ်ကူးစိတ်သန်းအားလုံးကို ရွက်လွှင့်ခေါ်ဆောင်သွား၏။ ကမ္ဘာ၏ တစ်ဖက်စွန်းတွင် ဘာရှိမည်လဲဟု မေးရလောက်သည် အထိ မတုံးအပါ။ လေထုအသစ်၊ နယ်မြေအသစ်၊ အိပ်မက်အသစ်၊ အတွေ့အကြုံအသစ်များ ဤလမ်းမကြီး၏ အဆုံးတစ်နေရာတွင် စောင့်ကြိုလက်ပြနေမည်ဖြစ်ကြောင်း သိထားပြီးဖြစ်၏။ တောင်ပံများကို စွင့်ကား၍ ယခုပင် ပြေးကြိုတွေ့လိုက်လိုစိတ်များ တဖွားဖွား ပေါ်ရကြောင်း ပြောလျှင် ဒိုင်ယာရီစာမျက်နှာများစွာ ထပ်မံ အက်ကြောင်းထပ်ရပေဦးမည်။ "Around the World in 80 Days" ရုပ်ရှင်ကားကို မကြည့်ရမီ အိပ်မက်ပေါင်းရှစ်ဆယ်ထက် မနည်းတွင် ကမ္ဘာပတ်ပြီးခဲ့သည်မှာ ကြာရောပေါ့။

ဟေလီ၏ "Roots" ကို ဖတ်ပြီးသောအခါ အံ့ဩဘနန်းဖြစ်ရသည့် အာဖရိတိုက်သားတို့၏ ဘဝကို မျက်မြင်ကြုံတွေ့ဖူးလိုစိတ်များ တဖွားဖွားပေါ်ခဲ့ဖူး၏။ စတိန်းဘက်ခ်၏ တော်တီလာဖလက်ကြောင့် ဝိုင်တစ်ပုလင်းရှိလျှင် အရာရာ ပြည့်စုံနေသည့် ဒင်နီတို့၏ဘဝမျိုးကို ခေတ္တခဏ အစားဝင် ခံစားလိုစိတ်များ ဖြစ်လာသည်။ တဖန် ဆရာနတ်နွယ်၏ ကလောင်စွမ်းကြောင့် မြန်မာပြည်မြောက်ပိုင်းထဲမှ ကနန်းနယ်သည်လည်း လှပစွာ ဖမ်းစားနိုင်သော အိပ်မက် ဖြစ်လာခဲ့၏။ ရေခဲမြစ်များ၊ တောင်တန်းများ၊ အပြောကျယ်သော ပင်လယ်ပြာများ၊ အံ့ဩငေးမောရမည့် ရှုမျှော်ခင်းများ၊ ကွဲပြားခြားနားသည့် စကားသံများ၊ မိုးမျှော်တိုက်ကြီးများ၊ မြို့ပြအငွေ့အသက်များ။ ထိုအရာများကို ဝေ်မွတ်စွာ စွဲလမ်း၏။ သို့သော် ခြေအစုံရပ်နေရာသည် ဂါစကွန်နယ်မဟုတ်၊ အနုပညာအလှတရားတို့ စုဝေးရာ ပါရီမဟုတ်၊ နွားရိုင်းသတ်ပွဲမြို့တော် ပမ်ပလိုနာမဟုတ်၊ တောင်လေးလုံးနှင့်ကနန်းနယ်မဟုတ်၊ ဘာဆိုဘာမှ မဟုတ်။ မြို့သေးသေးလေး တစ်မြို့သာ။ တိကျစွာဆိုရသော် အေးချမ်းတိတ်ဆိတ်သော မြို့လေးတစ်မြို့မျှသာ။ ဤမြို့လေးတွင် အိပ်မက်တို့ မတည်။ ခြေအစုံရပ်နေရာနှင့် စိတ်အစဉ်တို့ ရောက်နေရာ နေရာတို့မှာ တဆိတ် ဝေးလံလွန်းလှသည်။

မကြာမီ မြို့လေးသို့ နှစ်ဆယ့်သုံးကြိမ်မြောက် အလည်လာတော့မည့် ဒီဇင်ဘာကို ကြိုဆိုရတော့မည်။ ချစ်သော မြူနှင်းများလည်း လာချေတော့မည်။ အိပ်မက်ဆန်ဆန် မှုန်ရီဝိုးဝါးနေသည့် လမ်းများပေါ်သို့လည်း အခါတိုင်းလိုပင် နင်းလျှောက်ရပေဦးမည်။ ထိုသို့တွေးလိုက်မိတိုင်း ကျဉ်ခနဲ စူးတက်လာသော စိတ်အလိုမကျမှုဒဏ်ကို မည်သို့ခံနိုင်ရည်မွေးရမည်မသိ။ ထပ်တူကျစွာ လည်ပတ်နေခဲ့သော နေ့ရက်များတို့၏ လှိုက်စားခြင်းကို ခံနေခဲ့ရသည်မှာ မည်မျှကြာပြီလဲဟု မတွေးခဲ့၊ မတွေးရဲ။ တွေးဖို့လည်း သတ္တိမရှိသေးပါ။ မရိုးအီနိုင်ပါဟု တသမတ် ယူဆထားခဲ့သော အရာများသည် ဆန့်ကျင်ဖောက်ပြန်စွာ ရိုးအီသွားတတ်ကြပါသလား။

သက်ပြင်းတစ်ချက်ချရင်း လက်ထဲမှ မာလ်ဘိုရိုဘူးကို လှုပ်ခါကြည့်သောအခါ တုံ့ပြန်မှုမရ။ ယခုည (သူမ မသိအောင်) အရက်သောက်မိဦးမည် ထင်သည်။

.......................................................................................................................

(၅)

စကြဝဠာအမှန်တရားများသည် ဖောက်ပြန်လွဲမှားတတ်သည့် သဘောမရှိ။ သို့သော် ထိုအထဲတွင် စကြဝဠာအတွင်းမှ လူသားများ မပါဝင်ပေ။ လူ၏စိတ်သည် အလင်းတစ်ပြက်တွင် ပြောင်းလဲသွားတတ်သော အင်ပရက်ရှင်နစ်ဇင် ပန်းချီကားတစ်ချပ်နှင့် အလားသဏ္ဍာန်တူကြောင်း မည်သည့်တွေးခေါ်ပညာရှင်မှ မိန့်ဆိုခဲ့ပုံ မရချေ။ စိတ်သည်ပင် အရာခပ်သိမ်းကို ဆန့်ကျင်ဘက်သို့ သွေဖီစေတတ်သော ဝှက်ဖဲတစ်ချပ် ဖြစ်ကြောင်းသိရချိန်သည် အချိန်နှောင်းသာ ဖြစ်ဖြစ်နေတတ်၏။

ထိုနေ့ညက လက်ဖက်ရည်ဆိုင်တွင် အခါတိုင်းလို သီချင်းအကြောင်း၊ ဘောလုံးပွဲအကြောင်း မပြောဖြစ်ခဲ့ကြ။

ကိုထက်က နားမလည်သလို ကြည့်သည်။ ဇော်ဇော်ဝင်းက မှတ်ချက်မပေးဘဲ ပြုံးနေသည်။ နိုင်လင်းက ပုခုံးကို နှစ်ချက်သုံးချက်ပုတ်သည်။ အရင်းနှီးဆုံးသူငယ်ချင်းများ ဖြစ်ကြ၍ ပါးစပ်မှ ထုတ်ဖော်မပြောသည့်တိုင် သူတို့၏ စိတ်ထဲတွင် အံ့အားသင့်နေကြမည်ဖြစ်ကြောင်း မေးခွန်းထုတ်ရန် မလို။

"ဒီမှာ ငလေတ်။ မင်းပြောသလို ကမ္ဘာပတ်ချင်တယ် ဆိုတဲ့ စိတ်ကူးက ကောင်းပါတယ်။ ဒါပေမယ့်ကွာ .. "

"မဟုတ်ဘူး ကိုထက်။ ကမ္ဘာပတ်ရမှ ကျေနပ်မယ်လို့ ငါမဆိုလိုဘူး။ ဒါပေမယ့် ဒီမှာမွေး၊ ဒီမှာကြီး၊ ဒီမှာ သေသွားတယ် ဆိုတဲ့ဘဝမျိုးလည်းပဲ ငါ မလိုချင်ဘူး။ ဒီမြို့သေးသေးလေးရဲ့ အပြင်လောကမှာ ငါ မသိသေးတာ၊ မမြင်ဖူးမကြုံဖူးသေးတာတွေ အများကြီးပဲ။ အဲဒါတွေကို တွေ့ဖူးချင်တယ်။ အဲဒီ အသစ်အဆန်းတွေရဲ့ အရသာတွေကို ခံစားချင်တယ်။ ဒီမှာချည်းပဲ ငါ နေမသွားနိုင်ဘူး"

"မင်း ဘယ်လိုစိတ်ကူးထားလို့လဲ။ ဒီကနေ ထွက်သွားဖို့လား"

"မသိပါဘူးကွာ ငါလည်း မပြောတတ်ဘူး။ ရန်ကုန်မှာ မမရှိတယ်။ သူ့ဆီလာနေဖို့ ခေါ်နေတာကြာပြီ။ ဟိုတစ်ခေါက် ဦးငယ်လေး ပြန်လာတုန်းကလည်း ငါအလုပ်မလုပ်သေးတာ သိသွားတော့ ငါ့ကိုဆူတယ်။ သူ့သင်္ဘောပေါ် လိုက်ခဲ့ဖို့လည်း ပြောတယ်။ အိမ်ကလည်း ငါ့သဘောပါ။ ငါ အဲဒီတုန်းက လိုက်မသွားမိတာ အခုထိ နောင်တရတုန်းပဲ"

"အေပရယ်ကို မင်း ဘယ်လိုလုပ်မလဲ။ ဒီအကြောင်းတွေ သူ သိလား"

"ဟင့်အင်း။ ငါ သူ့ကို မပြောပြဖူးသေးဘူး။ ပြောပြလိုက်ရင် သူနားလည်ပါ့မလား မသေချာဘူး။ နောက်ပြီး တော့ ငါ့ဒီအိပ်မက်တွေက သူနဲ့မတွေ့ခင်ကတည်းက ရှိနှင့်နေပြီးသား။ ငါက ငယ်ငယ်လေးကတည်းက ကြီးလာရင် ဒီမြို့ကနေထွက်ပြီး ငါမရောက်ဖူးတဲ့၊ လက်လှမ်းမမီသေးတဲ့ ပတ်ဝန်းကျင်အသစ်တွေကို တစ်နေ့နေ့ ရောက်အောင် သွားမယ်လို့ ဆုံးဖြတ်ထားခဲ့တာ"

နိုင်လင်းက သက်ပြင်းချရင်း ဆေးလိပ်ကို မီးညှိသည်။ ဘဝတွင် လိုချင်သည်ကို ရအောင်ယူလေ့ ရှိသော သူငယ်ချင်းတစ်ဦးအကြောင်းကို အတွင်းကျကျသိထားသူအနေဖြင့် သူလည်း အကြံပေးရ ခက်နေမှာ သေချာသည်။

"ငါ နားမလည်ဘူး ညီလတ်။ သေချင်တဲ့ကျား တောပြောင်းတဲ့၊ မင်းက စာအုပ်တွေ ဖတ်တဲ့ကောင်ပဲ။ မင်း ပိုသိပါတယ်"

"မဟုတ်ဘူး ဟေ့ကောင်။ ဒါက .. "

"ဘာလဲ တစ်ရွာမပြောင်း သူကောင်းမဖြစ်လို့ ဆင်ခြေပေးဦးမလို့လား။ မင်းမှာ အခုဘွဲ့တစ်ခုလည်း ရပြီ။ အချိန်တန်ရင် မိဘစီးပွားရေးကို အဆင်သင့်ဝင်လုပ်၊ ပြီးရင် အိမ်ထောင်ပြု။ အရာရာ ချောမွေ့နေပြီးသားပဲ။ ဘာလုပ်ဖို့ စွန့်စားမှာလဲကွာ။ မင်းဒီကနေထွက်သွားတော့ရော ဘာရလာမှာ မို့လို့လဲ"

ဟက်ခနဲ တစ်ချက် ရယ်မိသွားသည်။ လူတစ်ယောက်၏အိပ်မက်ကို အခြားတစ်ယောက်၏ ရင်ဘတ်နှင့် ဖမ်းယူခံစား မရနိုင်သည်မှာ သေချာလွန်း၏။

"ငါ ပုံသေနည်းတွေကို မုန်းလို့ တက္ကသိုလ်တုန်းက မင်းတို့ယူတဲ့ Physics တောင် လိုက်မယူခဲ့တာ မင်းလည်းသိသားနဲ့။ မင်းတို့ကတော့ ငါ့ကို ရူးနေတယ် ထင်မှာပဲ။ ငါ အိပ်ရာက နိုးတိုင်းစဉ်းစားမိတယ်။ ငါ မနက်ဆို ထတယ်။ အပြင်သွားရင်သွား၊ မသွားရင် စာဖတ်။ နေ့လည်ကျ လက်ဖက်ရည်ဆိုင်ထိုင်။ ညနေကျ အေပရယ့်ကို ကျူရှင်သွားကြို။ ညကျ မင်းတို့နဲ့ တွေ့၊ အအေးဆိုင်ထိုင်၊ ဂစ်တာတီး။ အဲဒီလိုနေလာတာ ဘယ်လောက်တောင် ကြာပြီလဲ။

အလုပ်လုပ်၊ အိမ်ထောင်ပြုလိုက်တော့ရော ငါ့ဘဝ ဘာထူးခြားလာမှာလဲ။ မနက်ကနေ ညနေအထိ ပွဲရုံထိုင်။ ကုန်တွေစစ်။ မိန်းမအတွက် အချိန်ပေး။ ကလေးတွေ ရလာရင် သူတို့အတွက် အလုပ်ပိုလုပ်။ ဒါနဲ့ပဲ ငါ့ဘဝက ပြီးသွားတော့မှာလား။ အဲဒီလိုမျိုးဆိုရင် ဘယ်လောက်တောင်မှ ပျင်းရိငြီးငွေ့စရာ

ကောင်းတဲ့ ဘဝကြီးလဲ။ ငါ လိုချင်တာ အဲဒီလို ဘဝ မဟုတ်ဘူး။ အပူအပင်ကင်းကင်းနဲ့ သွားချင်ရာသွား၊ ပျော်ချင်ရာပျော်နေရတဲ့ ဘိုဟီမီးယန်းဆန်ဆန် ဘဝမျိုး။ ငါ မတွေ့ဖူးမကြုံဖူးတဲ့ အသစ်အဆန်းတွေကို ထိတွေ့ခံစားရင်း ကြည်နူးနေရတဲ့ ဘဝမျိုး။ ငါ့ကိုယ်ငါ တော်တော်စက်ဆုပ်မိနေတာ ကြာပြီ။ ဒီဘဝကနေ ရုန်းထွက်ချင်နေတာလည်း ကြာပြီ"

"အေပရယ် သိသွားရင်ရော"

အချို့သော အခြေအနေများအတွက် အမှန်တရားသည် မချိုမြသည်ကတော့ အမှန်။ တကယ်တမ်းတော့ ကိုယ်တိုင် အကြိမ်သိန်းသန်းမက ထုတ်ခဲ့ဖူးသော မေးခွန်းတစ်ခုအတွက် အဖြေကို ရှည်ဝေးကြန့်ကြာစွာ စဉ်းစားနေရန် မလိုပါ။ အလိုအလျောက် ကပ်ငြိပါလာတတ်သော သက်ပြင်းမောများသည် ယနေ့တွင် အကြိမ်အရေအတွက် ပိုစိပ်လာသလော မပြောတတ်။ သက်ပြင်းတစ်ချက်ချ .. နောက်တစ်ချက် ချ .. ပြီးတော့ နောက်တစ်ချက်ချ .. ။

"သူသိရင်တော့ မဖြစ်ဖြစ်တဲ့ နည်းနဲ့ တားမှာ သေချာတယ်"

.......................................................................................................................

(၆)

လေတစ်ချက်အဝေ့တွင် ယိမ်းနွဲ့လွင့်ပါးနေသည့် ဆံနွယ်ရှည်များက နလုံးသားကို လှပစွာ ဖမ်းယူပြုစား၏။ ခပ်ဖွဖွ ထိတွေ့ဆော့ကစားသောအခါ ညီမလေးက ရယ်မောရင်း ခေါင်းမလျှော်တာ သုံးရက်ရှိပြီဟု ပြောသည်။ နှာခေါင်းရှုံ့ပြရင်း ဆွဲယူနမ်းရှိုက်မည့်ဟန် ပြင်တော့ လှစ်ခနဲ ရုန်းခါထွက်ပြေးမည် ပြုသည်။ သူမ၏ လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲထားသောအခါ တပြိုင်နက် ရယ်မောသံများ ခလုတ်တိုက် ထိတွေ့မိကြ၏။

ဆည်းဆာသည် ပိုမို နီသွေးရဲတွတ်သွား၏။ နေကြာပန်းတို့ ဖြန်းခနဲ ရှက်သွေးဖြာသည်။ လယ်ကွင်းများပေါ်မှ အလောတကြီး ဖြတ်ပြေးလာသော လေနအေးက ကွေ့ပတ်ရှောင်ဖယ်ရင်း ဤကမ္ဘာလောကဝယ် ကြားလေသွေးခြင်းဟု မစွမ်းသာသော ခိုင်မြဲမှုမျိုး ကျန်ရှိသေးကြောင်း ဝန်ခံ ပြောကြားသွား၏။ အိပ်တန်းဝင်ငှက်တို့ထံမှ တီးတိုးလက်တို့သံများကို မကြားနိုင်အားသော လူသားနှစ်ဦးသည် အသံဗလံတို့၏ ကင်းလွတ်ရာ နယ်မြေသစ်ကို တူးဆွရှာဖွေနေကြ၏။ အပြစ် အနာအဆာကင်းမဲ့ဆုံး ပန်းချီကားတစ်ချပ်ကို ရှိုက်ဖိုနစ်ဝင်နေသော အနက်ရှိုင်းဆုံး မေတ္တာဒြပ်ထုဖြင့် ဖန်တီးရေးဆွဲသောအခါ ဆေးရည်တစ်စက်မျှ ကျဲပါးသွားခြင်းမရှိ။ ကြည့်စမ်းပါ အချစ်၊ ဘယ်လောက် လှလိုက်သလဲ ဆိုတာ။

"ညီမလေး"

"အင်"

"ဟိုးမှာတွေ့လား"

"အင်း"

"ဘာကို အင်းတာလဲ။ ကိုယ်ပြတာ တွေ့လို့လား"

"အစ်ကိုက ဟိုး ပဲခူးရိုးမကို ပြောတာ မဟုတ်ဘူးလား"

"ဟင့်အင်း။ ကိုယ်ပြတာက အဲဒီ ပဲခူးရိုးမနဲ့ တောင်တန်းတွေရဲ့ နောက်က မိုးကုတ်စက်ဝိုင်းကြီးကို ပြောတာ"

"အဲဒီမှာ ဘာရှိလို့လဲ အစ်ကိုရဲ့"

"အဲဒီ မိုးကုတ်စက်ဝိုင်းကြီး အဆုံးမှာ ပင်လယ်တွေရှိတယ်။ နောက်ထပ် တောင်တန်းတွေ ရှိမယ်။ ကိုယ်တို့ စိတ်ကူး မှန်းဆကြည့်လို့ မရနိုင်တဲ့ နယ်မြေသစ်တွေရှိတယ်။ ဒီမြို့လေးမှာ မရနိုင်တဲ့ အလှတရားတွေရှိတယ်။ နောက်ပြီးတော့ ရင်ခုန်စရာကောင်းတဲ့ အတွေ့အကြုံသစ်တွေလည်း ရှိတယ်။ အဲဒီနေရာတွေကို မရောက်ဖူးချင်ဘူးလား ညီမလေး"

"အင်း တွေ့တော့ တွေ့ဖူးကြည့်ချင်တာပေါ့။ ဒါပေမယ့်လေ ညီမလေး ဒီမှာနေရတာပဲ ပျော်တယ်။ ဒီမှာ မမွေးခဲ့ပေမယ့် ငယ်ငယ်ကတည်းက နေလာတဲ့ ဒီမြို့လေးကိုပဲ ခင်တွယ်တယ်။ ဘာလဲ အစ်ကိုက အဲဒီနေရာတွေ သွားချင်လို့လား"

"အင်း။ ကိုယ့်ကို မရယ်နဲ့နော်။ ကိုယ်က ဟိုးငယ်ငယ်လေးကတည်းက အိပ်မက် မက်ဖူးတာ ရှိတယ်။ တစ်နေ့နေ့ကျရင် လေယာဉ်ပျံကြီးတွေ သင်္ဘောကြီးတွေစီးပြီး ကိုယ်မရောက်ဖူးတဲ့ နေရာတွေကို ရောက်အောင် သွားချင်တယ်လို့လေ"

"အမယ် အမယ်။ ကြည့်စမ်း ညီမလေး မပါဘဲနဲ့တောင် သွားမယ်ပေါ့"

"မဟုတ်ပါဘူး။ အဲဒါကြောင့် ညီမလေးကို မေးကြည့်တာပေါ့"

"ဘာလုပ်ဖို့ သွားချင်မှာလဲ အစ်ကိုရယ်။ ဒီမှာ ညီမလေးတို့အတွက် အရာရာ ပြည့်စုံပြီးသားပဲဟာ"

ပြင်းချက်ထုတ်ဖွယ်မရှိသည့် အခြေအနေမျိုးတွင် နှုတ်ဆိတ်နေခြင်းသည်သာ အကောင်းဆုံး။ တိုး၍ တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်သည့်အခါ ထိုအကြောင်းကို ရှေ့မဆက်ရန်အတွက် စကားလုံးများ မပါဝင်သော သဘောတူညီချက် ရသွား၏။ နောက်ထပ် ထပ်မံဖွင့်ဟလိမ့်မည် မဟုတ်သကဲ့သို့ သူမကလည်း နောက်ထပ် မေးမြန်းတော့မည် မဟုတ်။ ဘာရယ်မဟုတ်ပါဘဲ ခပ်ပေါ့ပေါ့ပြောပြခဲ့ဖူးသော အိပ်မက်တစ်စ၏ နောက်ကွယ်မှ လေးလံမှုကို သူမ မြင်နိုင်လိမ့်မည်လည်း မထင်ပါ။

......................................................................................................................

(၇)

လူတို့သည် ကိုယ့်တရားကိုယ်သာ စီရင်ကြရ၏။ ထို့ကြောင့် တရားစီရင်ရာနေ့ကို မယုံပါ။ လူဟူသော သတ္တဝါသည် ကမ္ဘာဦးအစကတည်းက ကျင်းတူးမိုက်ခဲ့ကြကြောင်း သိနိုင်ရန် သမိုင်းဆိုသော ပေချပ်ပုရပိုက်များအား ဂရုပြု ထိန်းသိမ်းစောင့်ရှောက်ကြဖို့ နှိုးဆော် တိုက်တွန်း ရဦးမည်။ သေနတ်နှင့် ချိန်ရွယ်ခံထားရသည် ဆိုကာမျှဖြင့် မိမိအရှင်လတ်လတ် မြှုပ်နှံခံရမည့်ကျင်းကို ပေါက်ပြားတရွယ်ရွယ် ကိုယ်တိုင်တူးပေးသွားသော စစ်သုံ့ပန်းများအကြောင်း ဖတ်ရသည့်အခါ သနားစိတ်မဝင်မိ။ ဦးခေါင်းခွံထဲသို့ အေးအေးသက်သာ ဖြတ်ဝင်လာမည့် ကျည်တစ်တောင့်နှင့် ချွေးတလုံးလုံး ခါးတမျက်မျက် ရင်းလိုက်ရသော မြေကျင်း။ ကြိုက်ရာ ရွေးနိုင်ပါသည်။ သို့သော် မည်သည်ကိုမှ မကြိုက်သေးသူတို့က ခုခံထွက်ပြေးခြင်း သီအိုရီကို ထုတ်ဖော်တင်ပြခဲ့ကြ၏။ ထူးဆန်းစွာပင် လူကြိုက်နည်းခဲ့ပါသည်။ မေးခွန်းထုတ်ရန် ရှိလာသည်ကား ကံတရား၏ အဆုံးအဖြတ်ကို မငြင်းဆန်ဘဲ ခေါင်းညိတ်လက်ခံခြင်းသည် သတ္တိကောင်းခြင်းလော၊ ဗီဆန်ပယ်ရှားရန် ကြိုးစားခြင်းသည်ပင် သူရဲဘောကြောင်ခြင်းပေလော။

လူတိုင်းလူတိုင်း တစ်သက်မှာတစ်ခါ အိပ်မက် မက်ခဲ့ကြဖူး၏။ အချို့က တွေဝေ မပြတ်သားစိတ်ကြောင့် အိပ်မက်များကို ဖမ်းဆုပ်ခွင့်ရရန် မကြိုးစားခဲ့ကြဘဲ အချိန်လွန်နှောင်တများ ပိုက်ရင်းတစ်ဘဝလုံးကို အရှုံးဖြင့် ဖြတ်သန်းသွားကြသည်။ အချို့က အိပ်မက်နောက်သို့ လိုက်ရန် ကြိုးစားခဲ့ကြသော်လည်း အကြောင်းကြောင်းကြောင့် လမ်းတစ်ဝက်မှ နှုတ်ဆက်၍ လှည့်ပြန်လာကြသည်။ အချို့မှာမူ မည်မျှခက်ခဲနေစေကာမူ မိမိ၏အိပ်မက်အတွက် စွန့်လွှတ်စွန့်စားဝံ့သော မိုက်ရူးရဲသတ္တိဖြင့် အမှောင်ထုထဲသို့ ခုန်ချနစ်မြုပ်သွားတတ်ကြသည်။ ထိုသူတို့ တစ်ချိန်ချိန်တွင် ပြန်ပေါ်လာလိမ့်မည်၊ ပေါ်လာချင်မှလည်း ပေါ်လာပေလိမ့်မည်။

တတိယအမျိုးအစားထဲတွင် ပါဝင်နေသော ချစ်သူကို ပိုင်ဆိုင်ခဲ့ရပါမူ ရှားပါးလွန်းစွာ ကံဆိုးသူဖြစ်ကြောင်း ကြွေးကြော် ဂုဏ်ယူလိုက်ပါ။ သို့မဟုတ် ငိုကြွေးလိုက်ပါ။

.......................................................................................................................

(၈)

အိပ်ဆေးပုလင်းထဲမှ နောက်ဆုံး လက်ကျန်သုံးပြားကို ထုတ်ယူလိုက်သည်။ ကုန်တော့မည်။ ယမန်နေ့က ဆေးဆိုင်တွင် ထပ်သွားဝယ်သည့်အခါ ဆိုင်ရှင်က ဆရာဝန်လက်မှတ်ပါရမည်ဟု ညွှန်ကြားချက် ရထားကြောင်းပြောရင်း ရောင်းဖို့ငြင်းဆန်လိုက်သည်။ ထို့အပြင် ညဘက် အိပ်မပျော်သည့် ပြဿနာများရှိလျှင် ဆရာဝန်ကို သွားရောက်တိုင်ပင်ဖို့အထိပါ လောကွတ်ချော် လိုက်သေးသည်။ သော့ခတ်မထားသော လှောင်ချိုင့်အတွင်းမှ လွတ်မြောက်လိုမှုကို ဆရာဝန် မည်သို့ ရောဂါနာမည်တပ်မလဲဟု စဉ်းစားတော့ နာနာကျင်ကျင် ပြုံးမိသွားသည်။ အဝေးသို့ထွက်ခွာမရအောင် ချည်နှောင်တုပ်ထားသော ကြိုးများသည် သံကြိုးများမဟုတ်၊ သံခြေကျင်းများမဟုတ်။ အနူးညံ့ အပါးလွှာဆုံးသော ဒြပ်မဲ့ကြိုးများသာ။ ရုန်းဖို့ မခက်သည့်တိုင် မရုန်းရက်။ ပုပ်သိုးသွားသော အချိန်များကို မြင်တွေ့နေပါလျက် မသိကျိုးကျင်ပြုထားရသည်မှာ သူမကို ချစ်လွန်းသောကြောင့်။

"အစ်ကို မျက်လုံးတွေလည်းညိုလို့ပါလား။ ညက အိပ်မပျော်ဘူးလား"

"မဟုတ်ပါဘူး ကိုယ်မနေ့ညက ဘောလုံးပွဲကြည့်ထားလို့"

ဘောလုံးပွဲမကြည့်သည့် ညများတွင်ပါ အိပ်မရကြောင်းကိုမူ ထည့်မပြောဖြစ်။ ညဆိုလျှင် မျက်စိကြောင်နေတတ်၍ ညဘက် လက်ဖက်ရည်သောက်သည့် အကျင့်ကိုပါ ဖြတ်ထားလိုက်သည်။ စင်စစ် အိပ်မရသည်မှာ လက်ဖက်ရည်ပေါ့ကျ တစ်ခွက်ကြောင့်မဟုတ်။ စိတ်အာရုံထဲတွင် ရှုပ်ထွေး ဝေဝါးစွာ ကူးလူးသွားလာနေသော အတွေးပုံရိပ်များကြောင့် ဖြစ်သည်။ ဆေးလိပ်တိုနှင့် စာအုပ်များ ပြန့်ကျဲရှုပ်ပွနေသော အခန်းထဲတွင် နာရီပေါင်းများစွာကြာအောင် တိတ်ဆိတ်စွာ ထိုင်နေမိသောအခါ မိုးသောက်ရောင်နီက လှောင်ပြောင်ဟန်ဖြင့် ပြတင်းတံခါးသို့ ကျူးကျော်ဝင်လာသည်။ မှန်ရှေ့တွင် ရပ်မိတိုင်း တစ္ဆေခြောက်ခံရ၏။ သူရဲဘောကြောင်သူတစ်ယောက်၏ မျက်နှာသို့ ဆေးလိပ်ပြာခွက်ဖြင့် ချိန်ရွယ် ပစ်လွှတ်လိုက်သည့်အခါ ခွမ်းခနဲမြည်သံနှင့်အတူ ခြေရင်းအိမ်မှ ချောင်းဟန့်သံ ကြားရသည်။ အိပ်ဖို့ကောင်းပြီ။

သူမ၏ အပြုံးကို မြင်ယောင်မိသောအခါတွင်မူ ပထမဆုံးအကြိမ်အဖြစ် အကြီးအကျယ် စိတ်ချောက်ခြားရသည်။ စိတ်ဝိဉာဉ်၏ တစ်ထောင့်တစ်နေရာတွင် နစ်ရှည်လများ အမြစ်တွယ်နေသော အိပ်မက်တစ်ခုကြောင့် မသက်ဆိုင်သော သူမ ပါ ထိခိုက်ခံစားရမည်ဆိုလျှင် တရားလိမ့်မည် မဟုတ်ပါ။ လိုချင်သည့်အရာကို ရသည့်နည်းဖြင့် ယူခြင်းသည် အတ္တဟုဆိုလျှင် ကိုယ်ခန္ဓာအတွင်း ကိန်းအောင်းနေ

သည့် အတ္တထုထည် မည်မျှကြီးမားနေပြီလဲ မှန်းဆမရ။ ထိုသို့ အတ္တကြီးမိသည့်အတွက် မည်သည့် အရာကိုမဆို ပြန်လည်ပေးဆပ်ရန်လည်း ဝန်မလေးပါ။ ကျေးဇူးပြု၍ သူမကိုသာ မထိခိုက်ပါစေနှင့်။ သို့သော် လူတစ်ယောက်၏ အတ္တသည် အခြားသူတစ်ဦးကို နာကျင်စေတော့မည်ကား ရှောင်လွှဲ၍မရ။ တစ်ဖက်မှ အိပ်မက်ကိုလည်း မစွန့်လွှတ်နိုင်ပြန်။

သို့နှင့်ပင် နောက်ထပ် ဒီဇင်ဘာအချို့ ပုပ်သိုးပျောက်ကွယ်သွား၏။

........................................................................................

(၉)

သူမ ဘွဲ့ယူရန် မန္တလေးသို့ သွားရမည်။ အလည်အပတ်နှင့် တစ်လလောက် ကြာမည်ဟု ပြောသည့်နေ့က မျက်လုံး ပုတ်ခတ်ပုတ်ခတ်နှင့် မျက်ရည် ဝဲချင်ချင်။ "အရူးမလေး ခါတိုင်းရော စာမေးပွဲဖြေသွားရင် မခွဲရတာကျနေတာပဲ" လို့ နှစ်သိမ့်သည့်တိုင် ပြုံးမလာ။ "သိပါတယ် အစ်ကိုက ညီမလေး မရှိလည်း နေတတ်တယ်မဟုတ်လား" ဟု နှုတ်ခမ်းစူရင်း ရှားရှားပါးပါးစိတ်ကောက်မည့်ဟန် ပြင်သည့်အခါ ကံ့ကော်ထိပ်တွင် ရေခဲမုန့်လိုက်ကျွေးရင်း ချော့ရ၏။ စိတ်ရှည်လက်ရှည် ခွံ့သော ရေခဲမုန့် နှစ်ပွဲတိတိကုန်လေမှ သူမ မျက်နှာက နည်းနည်းကြည်လင်လာသည်။ နှစ်ရက်တစ်ခါ ဖုန်းဆက်ဖို့၊ လူကြုံရှိလျှင် စာရေးဖို့၊ ဆေးလိပ်တွေ အများကြီးမသောက်ဖို့၊ ညဉ့်နက်သည်အထိ ဘောလုံးပွဲမကြည့်ဖို့ စသဖြင့် ရှည်လျားထွေပြားသော တစ်လစာ အမှာစာတမ်းကို လက်တစ်ချိုးချိုးဖြင့် မှာကြား၏။ ပြန်လာလျှင် မနက်စောစော ရွှေမဥ္ဇူဘုရားကို သွားကြဖို့၊ ခုနစ်မိုင်ကုန်းအထိ အကြော်သွားစားကြဖို့ လည်း ပါသည်။ မန္တလေးမှ အင်္ကျီဆင်တူတစ်စုံ ဝယ်လာမည်ဟုလည်း ပြောသည်။ အပြန် သူမတို့ လမ်းထိပ်ထိ လိုက်ပို့သောအခါ တွဲထားသော လက်ကို တော်တော်နှင့်မလွှတ်။ "ကိုယ့်အချစ်က သေးသေးကွေးကွေးကို ဘွဲ့ဝတ်စုံအကြီးကြီးနဲ့ဆို ရယ်စရာဖြစ်နေမှာပဲ" ဟု စနောက်သည်ကိုပင် အခါတိုင်းလို ချစ်စဖွယ် မျက်စောင်းမချီ။

ရှေ့ပြေးနိမိတ်တို့ကို ယုံကြည်သူများထဲတွင် မပါဝင်ခဲ့ဖူးပါ။ သို့သော် ထိုနေ့က ဆည်းဆာ ချိန်တွင် လပနီစွေးစွာ တိမ်တောက်သည်။

........................................................................................

(၁၀)

လူတစ်ဦးဦးက မိမိကိုယ်ထက် အခြားတစ်ဦးကို ပိုချစ်နိုင်ပါသည်ဟုပြောလာလျှင် လောကတွင် အရှက်မဲ့စွာလိမ်ညာတတ်သူ နောက်တစ်ဦး တိုးလာရုံမှအပ အခြားမရှိ။ ထို့ကြောင့် ထိုစကားကို သေချာစွာထုပ်ပိုး၍ ကျင်းတူးမြေမြှုပ်လိုက်သည်။ ရိုမီယိုနှင့် ဂျူးလီယက်သည် ပြဇာတ်တစ်ပုဒ်သာ ဖြစ်ကြောင်း အချို့လူတို့ ယခုတိုင် သဘောမပေါက်ကြသေး။ အချစ်သည် အချစ်၊ ဘဝသည် ဘဝ၊ မတူညီကြောင်း ရှင်းပြသည့်အခါ ခေါင်းတယမ်းယမ်းခါသူတို့က မနစ်မြို့စွာ ကြည့်ကြသည်။ အချစ်သည် ပေးဆပ်ခြင်း၊ ရယူခြင်း စသည်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရန် ကြိုးစားနေသူများသည် တစ်လတစ်အုပ် နှစ်လ တစ်အုပ်ထွက်သော အပေါစားဝတ္ထုများကို အချစ်အဘိဓါန်ထင်နေသူများ ဖြစ်ကြ၏။ တကယ်တော့ နှစ်ခုစလုံး မလိုအပ်ပါ။ အချစ်ဆိုသည်မှာ နံဘေးမှ ထီးမိုး၍ လက်ကလေးကိုင်ရရုံလောက်သာ ထင် နေကြသူတို့ကို သေးသိမ်ယုတ်ညံ့မှုဖြင့် အပြစ်ပေး စီရင်ချက်ချလိုက်မည်။ လက်မခံသူများ ရှိပါစေ။ မနက်ဖြန်သည် အချစ်ပေါင်း မြောက်များစွာကို သိမ်းဆည်း သိုဝှက်ထား၏။ ရှာတတ်လျှင် တွေ့ကောင်း တွေ့ပါလိမ့်မည်။ နှုတ်ဆက်လက်ပြ၍ ထွက်ခွာသွားသူတစ်ယောက်အား ပြန်လာလိမ့်နိုး စောင့်မျှော်နေ ခြင်းသည် ယုတ္တိမဲ့စွာမိုက်မဲကြောင်း သူမကို ယခင်ကတည်းက ပြောပြခဲ့ဖူးသင့်သည်။ ချစ်သူကို ဆယ့်ရှစ် နှစ်တိုင် သစ္စာမပျက်ယွင်းခဲ့သည့် မြမြခိုင်ကျည်သော မနင်းမြူ၏ မေတ္တာမျိုးသည်လည်း "မြန်မာပြည် မြောက်ပိုင်း" ၏ အလွန် ယနေ့ခေတ်တွင် အလွန်တရာ ရှားပါးသွားခဲ့ပြီဟု ယုံကြည်သည်။ ရှိကောင်း ရှိနေသေးသည့်တိုင် အဆိုပါမေတ္တာထုသည် အတ္တနောက် လျှောက်လှမ်းသွားသူတို့နှင့် မထိုက်တန် သည်မှာ သေချာလွန်း၏။ ထွက်သွားလျှင် တံခါးပိတ်ခဲ့ပါမည်။ အထဲမှ သော့ခတ်ထားရန်သာ မမေ့ပါနှင့်။

သူမ မရှိသည့်အခါ မြို့လေးသည် ပိုမိုတိတ်ဆိတ်ခြောက်ကပ်သွားသယောင် ရှိသည်။ အချိန်အားများကို မည်သို့ ဖြုန်းတီးပစ်ရကောင်းနိုး စဉ်းစားမရ။ ဇော်ဇော်ဝင်းနှင့် နိုင်လင်းက ပျောက်ချက်သား ကောင်းနေ၏။ ကိုထက်ကလည်း သူ့ဦးလေး၏ ပန်းထိမ်ဆိုင်တွင် ဝင်ကူရင်း အရင်လောက် မအားလပ်တော့။ ထိုအခါ တစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေမိသည်။ အနှစ် နှစ်ဆယ်ကျော် ကြာခဲ့ပြီဖြစ်သော မိဘ၏ ပွဲရုံလုပ်ငန်းကိုလည်း မည်သို့မျှ အပ်စပ်သည်ဟု မခံစားရ၍ တို့ထိကြည့်ရန်ပင် စိတ်မကူးမိသေး။ တကယ်တော့ ဤအချိန်တွင် ဤနေရာ၌ ရှိနေသင့် တော့သည်မဟုတ်။ မိုင်ပေါင်းရာထောင်ကွာဝေးသော တစ်နေရာရာတွင် အတောင်ပံများကို ဝံ့ကြွားစွာ ဖြန့်ကား ပျံဝဲနေသော ငှက်တစ်ကောင်ပမာ လွတ်လပ်ပေါ့ပါးနေရမည့် အချိန်ဖြစ်ကြောင်း အကြိမ်ပေါင်း တစ်ကုဋေမြောက် သဘောပေါက်မိသည့်အခါ စိတ်တွေကို အစိုးမရချင်။

ထိုနေ့က သူမထံမှ ဒုတိယမြောက်စာကို ရသည်။ မန္တလေးက ပူလွန်းသည့်အကြောင်း၊ ဦးပိန်တံတားပေါ်တွင် ဓါတ်ပုံရိုက်ခဲ့သည့်အကြောင်း၊ အင်္ကျီမဝယ်ရသေးကြောင်း၊ ရွှေနိုင်လွန်မှ ရေခဲမုန့်သည် ကံကော်ထိပ်တွင် နှစ်ယောက်အတူစားခဲ့သည့် ရေခဲမုန့်ကို မမီကြောင်း၊ နေ့စဉ် လွမ်းဆွတ်သတိရကြောင်း စသည်ဖြင့် ထုံးစံအတိုင်း စာမှာ အရှည်ကြီး။ မဝိုင်းစက်ဘဲ သေးသွယ်ရှည်မျော သယောင်ရှိသည့် သူမ၏ လက်ရေးသည် တွေ့ဖူးသမျှထဲတွင် ချစ်စရာအကောင်းဆုံး ဖြစ်ကြောင်း ပြောပြခဲ့ဖူးသည်။ ယခုလို ခေတ္တဝေးကွာနေသည့်အချိန်မျိုးတွင် သူမ၏ လက်ရေးစာကို ဖတ်ရခြင်းသည် စိတ်ကို အတိုင်းမသိ နူးညံ့ကြည်လင်စေ၏။ စာ၏အဆုံးတွင် ညီညာစွာ ရေးဆွဲထားသော အသည်းပုံလေးများနှင့် သူမ၏ ထိုးမြဲလက်မှတ်။ သူမ၏ လက်မှတ်သည် တစ်ခါထိုးတိုင်း ပုံစံတစ်မျိုး ထွက်ထွက်နေတတ်သောကြောင့် "ကလေး ကျနေတာပဲ။ လက်မှတ်လည်း မထိုးတတ်သေးဘူး" ဟု စနောက်မိစဉ်က သူမ စိတ်ကောက်သွားဖူးသည်။ အေပရယ်ဟု အတိုကောက်သာထိုးရန် ပြောဖူးသော်လည်း "အိုး လက်မှတ်ကို နာမည်အပြည့်အစုံနဲ့ထိုးချင်တာ" ဟု စောဒကတက်၏။ ယခုလည်း နောက်ထပ်ပုံတစ်မျိုးထွက်နေပြန်သော သူမ၏ လက်မှတ်ကို မြင်ရသည့်အခါ အသံထွက်၍ ရယ်မိသွားသည်။

သို့သော် ..

ရယ်သံများ လမ်းတစ်ဝက်တွင် ကစဉ့်ကလျား ပျောက်ရသည်။

မသိစိတ်သည် ရင်မဆိုင်လိုသော အချိန်ကာလတို့ကို အနောက်သို့ပို့ထားတတ်ကြောင်း ယခင်က မသိခဲ့။ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည် မှန်သော်လည်း ယခုလောက် မြန်မြန်မဟုတ်သည်မှာ သေချာ၏။

နျူကလီယားအရေးကိစ္စ မဟုတ်၊ အက်ဆစ်မိုးရွာသွန်းခြင်း ပြဿနာ မဟုတ်၊ ကူးစက်ပြန့်ပွားတတ်သော ရောဂါဆိုးအကြောင်း သတင်းပလင်းလည်း မဟုတ်။ နှလုံးခုန်သံကို ခေတ္တ ဘောင်ဘင်ခတ်သွားစေသည်ကား တကယ်တမ်းကျတော့ စာကြောင်းလေးတစ်ကြောင်းမျှသာ။ သို့ရာတွင် စာ၏အောက်ဆုံးတွင် သီးခြားရေးထားသော ထိုစာကြောင်းလေး၏ စုပ်ယူဝါးမြိုမှုသည် စောစောနက ကြည်နူးမှုအားလုံးကို ညှိုးခြောက်လွင့်ပါးစေသည်။ သက်ပြင်းမောတစ်ချက်နှင့်အတူ စာရွက်ကို ပြန်ခေါက်လိုက်သည့်တိုင် မြင်လွှာထဲမှ ပျောက်ကွယ်မသွား။ ပြာရီရွှန်းစိုသော သေးသေးသွယ်သွယ် လက်ရေးစာလုံးလေးများ၏ ထမင်းလုံးတစ္ဆေသည် နှလုံးသားကို အဖန်ဖန် ခြောက်လှန့်၏။

*"ဝေးနေတော့မှ သိလာတယ်။ အတူတူနေချင်ပြီ ... "*

အတူတူနေချင်ပြီ တဲ့လား .. ။

သိပ်ချစ်ကြသော ချစ်သူနှစ်ဦးကြား တစ်နေ့နေ့တစ်ချိန်ချိန်တွင် ထိုစကားကို တစ်ဦးမဟုတ် တစ်ဦး စပြောရမည်မှာ မထူးဆန်း။ သို့သော် ပြောရန် မေ့လျော့နေခဲ့သည်။ သို့မဟုတ် မေ့လျော့ထားခဲ့သည်။ ဤသည်မှာ သူမကို မချစ်၍မဟုတ်။ သူမနှင့် အတူနေရမည့်ဘဝကို မပိုင်ဆိုင်လို၍လည်း မဟုတ်။ သိပါရက်နှင့် နှုတ်ခမ်းအစုံ ဆွံ့အဝန်လေးနေခဲ့သည်မှာ ပြောရန် အချိန်မကျသေးဟု မိမိကိုယ်ကို ဖွတ်မိုတ် လိမ်ညာထားခဲ့သောကြောင့်သာ။ ယခုမူ သူမ ပြောလာခဲ့ပြီ။ အတူတူ နေကြမည်။ အတူတူနေရန် ပြင်ဆင်ကြမည်။ အတူတူနေရန် ကြိုးစားကြမည်။ ခြေလှမ်းသစ်တစ်လှမ်း ရှေ့သို့တက်ရန် စတင်ရတော့မည်။ ထိုအတွက် အဆင်သင့် ဖြစ်ပါပြီလား။

အဆင်သင့် ဖြစ်ပါပြီလား။ ထိုအဖြေကို နှုတ်ဖျားမှ မဖွင့်ဟမီကတည်းက ရင်ဘတ်ထဲတွင် အလိုအလျောက် ဖြေပြီးသွားပြီ။ အရိုးသားဆုံး ဝန်ခံရလျှင် ရစ်ပတ်နှောင်တွယ်လာမည့် နွယ်ပင်များ၏ ချုပ်နှောင်မှုကို မခံလိုသေးပါ။ ပျံသန်းပါရစေ၊ အိပ်မက်နောက်သို့ လွတ်လပ်စွာ ပျံသန်းပါရစေဦးဟု ဟစ်အော်မြည်တမ်းသည့်အခါ မည်သူမှ မကြား။ ကိုယ့်နှလုံးခုန်သံ ကိုယ်သာကြားပါသည်။ ထို့ကြောင့် ကိုယ်ကိုယ်တိုင်ပင် ဆုံးဖြတ်ပါလေလော့။

ဘဝဆိုသော ထိုစာလုံးနှစ်လုံးကို သိစိတ်မှတ်ဉာဏ်ထဲမှ ခေတ္တဖျောက်ဖျက်လိုက်လျှင်မူ ဤကိစ္စမှာ သိပ်ကို ရိုးရှင်းသွားပါလိမ့်မည်။ သူမကို ချစ်သည်။ သူမကို ချစ်သလောက် သူမကလည်း ပြန်ချစ်သည်။ အခြားဘာများ လိုအပ်ပါသေးသနည်း။ စုံမက်မြတ်နိုးရသော ချစ်သူနှင့် အတူနေရခြင်းသည် နေခြည်နွေးနွေးအောက် လမ်းလျှောက်ရခြင်းဖြစ်သည်။ စိမ့်စမ်းရေအေးကြား ပျော်ဝင်ကူးခတ်ရခြင်း ဖြစ်သည်။ နူးညံ့ဖြူလွသော အုံးစက်ရာပေါ်တွင် လဲလျောင်းမေးစက်ရခြင်း ဖြစ်သည်။ ရွှေရောင်အတိလွှမ်းသော နယ်မြေသစ်များကို တိုးဝင်လျှောက်လှမ်းရခြင်း ဖြစ်သည်။ ထိုသို့သော ဘဝကို မမက်မောပါဟုဆိုလျှင် ထိုသူသည် ရူးနှမ်းနေသူသာ ဖြစ်ပေလိမ့်မည်။

သို့သော် .. ။ ဤကမ္ဘာပေါ်မြေရှိ လူသန်းပေါင်းများစွာကြားတွင် ရူးနှမ်းနေသူတစ်ယောက်တလေ ရှိမည် ဆိုလျှင်လည်း ထူးဆန်းလိမ့်မည် မဟုတ်ပါ။

..........................................................................................................................

(၁၁)

မှိုတက်စပြုနေသော ရယ်ဒီမိတ်ဆုံးဖြတ်ချက်တစ်ခုကို ပြန်လည်အရောင်တင်ရန် မခဲယဉ်းဟု ထင်ခဲ့ဖူး၏။ နလုံးသားက ငြင်းဆန်၍ အသိစိတ်က ခေါင်းညိတ်သည်။ မည်သည်ကို အမှန်ယူရမည်နည်း။

သူမ၏ စာလေးကို ဖွဖွနမ်းရှိုက်၍ တယုတယ ခေါက်သိမ်းသည်။ ပိုက်ဆံအိတ်အတွင်းမှ အနား တစ်ဖက် ကျိုးကြေနေသည့် သူမ၏ ဓါတ်ပုံလေးကို ထုတ်ယူ၍ ငေးစိုက်ကြည့်နေမိသောအခါ စူးနစ်နာကျင်မှုများ၏ တိုးဝှေ့ပွတ်တိုက်ခြင်းကို ခံရသည်။ ဆံနွယ်ရှည်များကို ထိတွေ့ဆော့ကစားရင်း ပြုံးရယ်နေသော ဓါတ်ပုံထဲမှ မိန်းကလေးသည် အပြစ်ကင်းလွန်း၊ အပြစ်ကင်းလွန်းလှသည်။ အပြစ်ပြုသူ တစ်ဦးတစ်ယောက်ကြောင့် အခြားအပြစ်ကင်းသူများ ထိခိုက်ခံစားရတတ်သည့် လောကကြီးသည် မတရားဟုဆိုလျှင် ထိုမတရားမှုကို မွေးဖွားစေသူတို့မှာ  လူသားများပင်ဖြစ်ကြောင်း မေ့ထားရန်မသင့်။ ကံစီမံရာဟု ယိုးမယ်ဖွဲ့တတ်သူတို့မှာ ကံဆိုသည် မိမိ၏ရွေးချယ်မှုဖြစ်ကြောင်း လက်မခံရဲသူတို့သာ ဖြစ်ကြ၏။ လုပ်လိုသည်ကို ရဲရဲဝံ့ဝံ့လုပ်၍ အကျိုးဆက်ကိုလည်း ရဲရဲဝံ့ဝံ့ခံပါ။ ကမ္ဘာသည် ဒါဒါတို့၏ ပန်းချီကားတစ်ချပ်ပင် ဖြစ်၏။ ပေါင်းစပ်လိုသည်များ ယူခဲ့ပါဟု ဆိုသောအခါ နလုံးသားတစ်စုံကို ခွဲထုတ် ယူသွားလိုက်သည်။ အသုံးပြုပါလော့။

တဒိုင်းဒိုင်း ခုန်ပေါက်ယမ်းခါနေသော ရင်ဘတ်။

တွန်းအားနှင့် ဆွဲအားတစ်ခုအကြား ဓါးစာခံဖြစ်နေသည့် ခြေလှမ်းများ။

အနီရောင် တယ်လီဖုန်းလေး။

ဆက်သွယ်ရေးလမ်းညွှန်စာအုပ်ကိုဖွင့်သော လက်ချောင်းများ၏ လေးလံမှုမျိုးနှင့် နောက်ဆုံး စာမျက်နှာမှ ဖုန်းနံပါတ်များ။

“xxxxxxxx”

“ဟဲလို။ ကျွန်တော် လက်မှတ်မှာချင်လို့ပါ”

“xxxxxxxxxxxxxxxxxxxxxxx”

“xxxxxxxxxxx”

........................................................................................................................

(၁၂)

ဆောင်းလေအေးသည် ယနေ့ည ထူးထူးခြားခြားပင် ပိုမိုချမ်းစိမ့်အေးစက်လွန်းနေသည် ထင်ရ၏။ အကဲမသိသော လေရူးသည် တစ်ချက်တစ်ချက်တွင် အကာအကွယ်ကင်းမဲ့နေသော မျက်နှာသို့ ရေခဲလက်များပမာ ပွတ်တိုက် ရိုက်ခတ်သွားတတ်သည်။ အဝေးတစ်နေရာရာဆီမှ ခပ်သဲ့သဲ့ ပျံ့လွင့်လာသော အုန်းမောင်းခေါက်သံ တစ်ချက်ချင်းစီသည် နှလုံးသားကို တုန်ခါလှုပ်ရှားစေ၏။ လင်ကောင်ပိုးဟပ်တစ်ကောင်သည် အနက်ရောင် ကတ္တီပါကောင်းကင်ကို နောက်ခံပြုလျက် ပါးနပ်လျှို့ဝှက်စွာ ပျံသန်းရင်း အစာရှာဖွေနေသည်။ အေးစိမ့်ကောက်ကျစ်သော လေထုထဲတွင် အတောင်ဖြန့်ထားရသည်မှာ မည်မျှကြာနေပြီလဲ မသိရပါ။ ကြွက်တစ်ကောင် သို့မဟုတ် ပိုးမွှားအချို့ကို တစ်နေရာရာ၌ တွေ့ခဲ့ပြီလားလည်း မသိရပါ။ ယနေ့ညအဖို့ တွေ့ရော တွေ့ပါမည်လား ဆိုသည်မှာလည်း မသေချာ။ သူ့အတွက် အရေးကြီးသည်မှာ ရှာဖွေနေရန်ပင် မဟုတ်လား။

ကားဂိတ်သို့ ကိုထက်တို့ သုံးယောက်စလုံး လိုက်ပို့ကြသည်။ ကားအထွက်ကို စောင့်ရင်း အနီးမှ လက်ဖက်ရည်ဆိုင်တွင် ခေတ္တထိုင်ကြ၏။ သူတို့ ဘာမှ မပြောကြသလို မေးလည်းမမေးကြ။ စီးကရက်မီးရောင်တရဲရဲ မှတပါး စကားဝိုင်းမှာ ခြောက်သွေ့တိတ်ဆိတ်လွန်းသည်။ အပေါ်ယံကြော တင်းစပြုနေသည့် လက်ဖက်ရည်ခွက်များသည် တို့ထိမှုကို ဝတ်မွတ်စွာ မျှော်လင့်နေကြဟန်ရှိသည်။

"မင်း ငါတို့ကို ဘာမှာခဲ့ချင်လဲ ညီလတ်။ ငါတို့ ဘာပြောပေးရမလဲ။ ဒါမှမဟုတ် မင်း စာရေးပေးခဲ့မလား"

"ဟင့်အင်း ငါဘာမှ မမှာချင်ဘူး။ ဒီအတိုင်းပဲ တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားချင်တယ်။ ငါ့ကိုသူ စောင့်မနေစေချင်ဘူး။ ငါ ပြန်လာမှာပါလို့လည်း အာမ မခံရဲဘူး။ အဲဒီတော့ သူ မုန်းသွားပါစေ။ နာကျည်းသွားပါစေ။ အဲဒါ သူ့အတွက် အကောင်းဆုံးပဲ။ တစ်ချိန်ချိန်ကျ သူလည်း သူ့ဘဝအတွက် အကောင်းဆုံးလက်တွဲဖော်ကို တွေ့သွားမှာပါ"

"မဟုတ်သေးဘူးလေ။ မင်း တစ်ခုခု ပြောခဲ့သင့်တယ်လို့ရော မထင်ဘူးလား"

"ဒီကိစ္စမှာ သူ့အမှားတစ်ခုမှ မပါဘူး ကိုထက်။ အစကနေအဆုံး ငါပဲမှားခဲ့တာ။ ငါ သူ့ကို တောင်းပန်သွားဖို့တောင် မထိုက်တန်ဘူး။ သူ နားလည်ခွင့်လွှတ်ပေးမှာလည်း ငါမခံရဲဘူး။ သူ မုန်းပါစေတော့။ အဲဒါ သူ့အတွက် ဒဏ်ရာကို ကုစားဖို့ အလွယ်ဆုံးနည်းလမ်းပဲလို့ ငါထင်တယ်"

သက်ပြင်းချသံများနှင့်အတူ ဒုတိယမွိုတိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ် လွှမ်းခြုံလာပြန်သည်။ သို့သော် ယခုတစ်ကြိမ်သည် သက်တမ်းမရှည်။

"သစ္စာကားနဲ့ စီးနင်းလိုက်ပါမယ့် ခရီးသည်များခင်ဗျာ။ ကားထွက်တော့မှာဖြစ်တဲ့အတွက် ကိုယ့်ထိုင်ခုံအသီးသီးမှာ နေရာယူပေးကြဖို့ မေတ္တာရပ်ခံပါတယ်"

နှစ်ပေါင်းများစွာကြာအောင် ဆိုးတူကောင်းဖက်အနေဖြင့် ဒုက္ခသုခများ ဝေမျှခံစားခဲ့ကြသော ချစ်သူငယ်ချင်းသုံးယောက်ကို ဝမ်းနည်းစွာ တစ်ချက်ကြည့်သည်။ မြို့လည်ခေါင်တွင် ရောင်စုံမီးလုံးများဖြင့် လှပစွာလင်းလက်နေသော နာရီစင်ကြီးကိုလည်း အကြည့်တစ်ချက်ဖြင့် လက်ပြနှုတ်ဆက်သည်။ ဆောင်းငွေနှင်းမြူပါးပါးကို လွှားခြုံ၍ မာကျူရီမီးလုံးများအောက်တွင် ငြိမ်သက်စွာ အိပ်မောကျနေသည့် မြို့လေးကိုလည်း နောက်ဆုံးအနေဖြင့် နှုတ်ဆက်သည်။ ဤတစ်ကြိမ်သည် ဤနေရာ ဤမြေပေါ်တွင် နောက်ဆုံးအကြိမ် ရပ်ရခြင်း ဟုတ်မဟုတ် မည်သူ ပြောနိုင်ပါအံ့နည်း။

"ငါ သွားပြီ"

အားလုံးကို ခေါင်းတစ်ချက်ဆတ် နှုတ်ဆက်၍ ကားပေါ်သို့ တက်လာသည့်အခါ ရင်ဘတ်၏ တစ်ထောင့်တစ်နေရာတွင် ကာလကြာရှည် အိပ်ပျော်နေခဲ့ရသော အိပ်မက်များစွာက ကြီးစွာသော အသက်ရှူသံဖြင့် အသစ်တဖန် နိုးထလာကြသည်။ ကတ္တရာလမ်းမသည် ထိုအိပ်မက်များစွာကို သယ်ဆောင်သွားသောအခါ နှလုံးသားတစ်စုံက ခုန်ချကျန်ရစ်၏။

နှုတ်ဆက်ခဲ့ပါသည်။

........................................................................................................................

(၁၃)

မည်သည့်အခါမှ ခွင့်မလွှတ်ထိုက်သော အပြစ်တစ်စုံတစ်ရာကို ကျူးလွန်ခဲ့သူသည် ခွင့်လွှတ်ပါ ဟူသောစကားလုံးကို ပြောဆိုသုံးစွဲရန်ပင် မထိုက်တန်ပါ။ ထိုသို့ မထိုက်တန်ကြောင်း နားလည်သူ တစ်ယောက်အနေဖြင့် တစ်သက်ပတ်လုံးလည်း သူမထံမှ "ခွင့်လွှတ်ပါတယ်" ဟူသောစကားကို တောင်းခံလိမ့်မည် မဟုတ်ပါ။

နောက်ပြီး .. ။

ဘယ်တော့မှလည်း ခွင့်မလွှတ်ပါနှင့် ညီမလေး .. ။

.....................................................................................................................

(၁၄)

မြူနှင်းများကြားတွင် တစ်စုံတစ်ဦးသည် ပျောက်ဆုံးသွားသော နှလုံးသားကို လိုက်လံရှာဖွေနေ၍ ထိုနှလုံးသားက အဝေးတစ်နေရာရာတွင် အိပ်မက်မက်နေကြောင်း သတင်းရရှိသည်။ ရှာဖွေနေသော နှလုံးသားကို ပြန်လည်တွေ့ရလိမ့်မည် ဟုတ်မဟုတ် မသေချာသကဲ့သို့ အဝေးရောက်နှလုံးသားသည် သူ၏ အိပ်မက်မှ နိုးထလာမည်လား ဆိုသည်ကိုလည်း မသိရပါ။

ပြတင်းတံခါး၏အပြင်သို့ လှမ်းမျှော်ကြည့်သောအခါ ကောက်ကျစ်တတ်သော ဒီဇင်ဘာနှင့်အတူ တံခါးခေါက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

အပြင်မှာ မြူနှင်းများကျနေဆဲ .. ။

--- တည်တံ့ (G.B.K) ---

**************************************************

. . . တစ်ရွက်ချင်းလှန်ရင်း ရောက်ခဲ့ရောက်ခဲ့

. . . ခုန်ပေါက်ကျော်လွှားရင်းပဲ ရောက်ခဲ့ရောက်ခဲ့

. . . ဒီနေရာကနေ

. . . ကျေးဇူးတွေတင်လို့ . . . ။


တည်တံ့ (ကြိုပြင်ကောက်)

ဒီဇင်ဘာ ၂၀၁၁

**T - T A N T ( 1 9 9 1 - 2 0 * * )**

arrmann619@gmail.com

www.facebook.com/arrmann